ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပဥ္စမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၇၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ချိုဦး၊ ပဲခူး(၁၁) ၊ ဒေသဖွံ့ဖြိုးရေး၊ ဦးအောင်ငြိမ်း၊ မကွေး(၁)၊ ဆေးစစ်၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး၊ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ငင်းအတိုင်း၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း၊ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငင်းအတိုင်း၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ငင်းအတိုင်း၊ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ငင်းအတိုင်း၊ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ပုသိမ်မြို့ ဧရာဝတီ FC ဘောလုံးလေ့ကျင့်ကွင်းဖွင့်ပွဲ တက်ရောက်ရန်၊ ဒေါက်တာဌေးနိုင် ၊ ဧရာဝတီ(၇)၊ မိသားစုကိစ္စ၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကျန်းမာရေး၊ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ မိသားစုကျန်းမာရေးကိစ္စတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့မေးခွန်းများသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပလက်ဝမြို့နယ်၊ ကာရမိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာ မူလတန်း(လွန်) ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ပလက်ဝမြို့နယ်၊ ကာရမိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကာရမိတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာမူလတန်း(လွန်)ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကာရမိတ်ကျေးရွာဟာ ၁၉၉၂ ခုနှစ်က စပြီး အစိုးရမူလတန်းကျောင်း ရရှိခဲ့ပါတယ်။ နယ်စပ်ဒေသဖြစ်တဲ့ အိန္ဒိယ - မြန်မာနယ်စပ် ရှင်းလက်ဝ အ.ထ.က(၁) မြောက်ဘက် (၁၂)မိုင်ဝေးပြီး ရေစီးသန်တဲ့ ကုလားတန်မြစ်ရဲ့ အနောက်ဘက်ကမ်းခြေမှာ တည်ရှိပါတယ်။ အိမ်ခြေ(၁၁၈)အိမ်၊ လူဦးရေပေါင်း(၆၄၂)ဦး၊ မူလတန်းအဆင့် ကျောင်းသား(၁၉၃) ယောက် ရှိပါတယ်။ မူလတန်း(လွန်) အလယ်တန်းဆင့် ကျောင်းသား (၇၈)ယောက် ရှိပါတယ်။ အဲဒီ (၇၈)ယောက်ကို အ.ထ.က (ရှင်းလက်ဝ) မှာ သွားရောက်ပြီးတော့ သင်ကြားစေပါတယ်။ မိမိကျောင်းမှာ မူလွန်အဆင့် ကျောင်းသားများအတွက် တွဲဖက်ငှားရမ်း သင်ကြားပေးဖို့ဆိုရင်လည်းပဲ အများအားဖြင့် ဆင်းရဲတဲ့ ကျောင်းသားမိဘများဖြစ်တာကြောင့် ရွာသားတွေက ငွေကြေး အကုန်အကျ မခံနိုင်ကြပါဘူး။ ဒါကြောင့် (၁၂)မိုင်ဝေးတဲ့ အ.ထ.က (ရှင်းလက်ဝ) ကို ရေကြောင်းခရီးကြမ်း နွေ၊ မိုး၊ ဆောင်းရာသီ သုံးရာသီ နှစ်တိုင်း ကျောင်းအကြိုအပို့ လုပ်နေရပါတယ်။ အဲဒါကြောင့် အလွန်အန္တရာယ်များတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ပါတယ်။ မိုးရာသီ မြစ်ရေကြီးတဲ့အချိန်မှာ ဆိုရင် ပိုပြီးတော့ အန္တရာယ်ကြီးမားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကာရမိတ်ရွာအထက် (၆)မိုင်အကွာမှာ အိန္ဒိယ-မြန်မာ နယ်စပ်ရွာ ဖြစ်တဲ့ ကုန်ပြင်ရွာ ရှိပါတယ်။ ကုန်းလမ်းဆက်သွယ်နိုင်ပါတယ်။ ကုန်ပြင်ရွာမှာလည်းပဲ အိမ်ခြေ (၆၄)အိမ်ရှိပြီးတော့မှ အ.မ.က ကျောင်းတစ်ကျောင်း ရှိပါတယ်။ ကျောင်းသား အင်အား (၆၇)ယောက်ရှိပါတယ်။ အဲဒီကျောင်းကနေ (၄)တန်းအောင်တဲ့ ကျောင်းသားတွေကလည်းပဲ ကာရမိတ် အ.မ.က ကျောင်းသားလိုပဲ မူလွန်အဆင့် ကျောင်းသားတွေကို အ.ထ.က (ရှင်းလက်ဝ)ကို ပို့ပြီးတော့မှ ပညာသင်ကြားစေပါတယ်။ အကယ်၍သာ ကာရမိတ်ရွာကို မူလွန်အဆင့် တိုးမြှင့်ပေးမယ်ဆိုရင် အရံကျောင်းဖြစ်တဲ့ ကုန်ပြင် အ.မ.က နဲ့ ယခုလက်ရှိ ကာရမိတ် အ.မ.က ကျောင်း(၂)ကျောင်း ပေါင်းပြီးတော့မှ မူလွန်ကျောင်းသား နှစ်စဉ် အလယ်တန်းအဆင့် ကျောင်းသား (၇၀)(၈၀)ဝန်းကျင်လောက်ရှိမည် ဖြစ်ပါတယ်။ အဲဒါကြောင့်

ၛင်းကာရမိတ် အ.မ.က ကျောင်းကို မူလွန်အဆင့် တိုးမြှင့်မည်ဆိုရင် မူလတန်းအဆင့် ကျောင်းသားနဲ့ မူလွန်အဆင့် ကျောင်းသား အလယ်တန်းအဆင့် စုစုပေါင်း ယခုလက်ရှိ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသားစာရင်းအရ စုစုပေါင်းကျောင်းသား (၂၈၀)ကို ပျမ်းမျှ နှစ်စဉ် ပုံမှန် ကျောင်းနေမြဲ ကျောင်း တစ်ကျောင်းဖြစ်လာမှာဖြစ်တဲ့အတွက် မိမိကျောင်း အုပ်စုအတွင်းမှာပဲ မူလွန်အဆင့် အလယ်တန်းပညာ သင်ကြားရေး အဆင်ပြေချောမွေ့မည် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ယခုနှစ် ကျောင်းအဆင့် တိုးမြှင့်ရေးအတွက် အမှုတွဲပြုလုပ်ရာတွင်လည်းပဲ လိုအပ်တဲ့ မြို့နယ်ရုံး၊ ပလက်ဝမြို့နယ်ပညာရေးမှူးရုံးမှ မူလွန်ကျောင်း ဖွင့်လှစ်ရရှိရေး အဆိုပြုပုံစံ အပြည့်အစုံကို ဖြည့်စွက် ချက်နဲ့တကွ သက်ဆိုင်ရာမြို့နယ် အဆင့်ဆင့်ရဲ့ ထောက်ခံချက်များနဲ့အတူ ကျောင်းဓာတ်ပုံ၊ ကျောင်းစနစ်ပုံ၊ ကျောင်းပရိဘောဂ ပြည့်စုံမှု အခြေအနေ၊ ပတ်ဝန်းကျင် ကျောင်းမြေပုံ၊ ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံကျောင်းများပြမြေပုံ၊ မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) တို့ကို ပူးတွဲလျက် ပလက်ဝမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ မင်းတပ်ခရိုင် ပညာရေးမှူးရုံး၊ ချင်းပြည်နယ် အစိုးရဟားခါးမြို့နယ် အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးတို့ အသီးသီးသို့လည်း အမှုတွဲပေးပို့ပြီး ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဲဒါကြောင့် အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ကာရမိတ်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း အား ၂၀၁၅-၂၀၁၆ ခုနှစ်၊ ပညာသင်နှစ်တွင် အခြေခံ ပညာမူလတန်း(လွန်) ကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရေဖြူမြို့နယ်၊ ဇကနိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က ရေဖြူ မြို့နယ်၊ ဇကနိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ ရေဖြူ မြို့နယ်၊ ဇကနိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူ မြို့နယ်ရှိ ဇကနိကျေးရွာ၊ အခြေခံပညာ မူလတန်းကျောင်းကို ၁၉၂၄ ခုနှစ်တွင်လည်းကောင်း၊ မူလတန်း လွန်ကျောင်းကို ၂၀၀၂-၂၀၀၃ ခုနှစ် တွင်လည်းကောင်း၊ မူလတန်း(လွန်)ကျောင်းမှ အလယ်တန်း ကျောင်း(ခွဲ)အဆင့်ကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်

အလယ်တန်းကျောင်းအဆင့်အား လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်မှာ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ဖြစ်ပါတယ်။ ဧကနိကျေးရွာ အလယ်တန်းကျောင်းသည် ဧကနိကျေးရွာပတ်ဝန်းကျင်ရှိ ဝဇ္ဇမ်းတော၊ ရငဲ၊ ကုန်းရပ်အင်း၊ ဒူးတောင်၊ ဆန်းချီ၊ ကညင်းအင်း၊ ဝန်ဖို၊ ခမောင်းချောင်းကျေးရွာ(၈)ရွာမှ မူလတန်းကျောင်း (၈)ကျောင်း၊ ဘ.က ဝဇ္ဇမ်းတော နှင့် ဘ.က ဧကနိကျောင်း ပေါင်း (၁၀)ကျောင်းမှ ကျောင်းသူ/ကျောင်းသားများ အလယ်တန်းပညာ သင်ကြားနေသော ကျောင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား (၁၂၀)ဦး၊ အလယ်တန်း ကျောင်းသား (၃၁၂)ဦး၊ စုစုပေါင်း (၄၃၂)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဋ္ဌမတန်းတွင် (၅၁)ဦးရှိပြီး အခြားကျောင်းများသို့ သွားရောက်ပညာ သင်ယူနေတဲ့ ကျောင်းသားဦးရေမှာ နဝမတန်း ကျောင်းသား (၃၆)ဦးနှင့် ဒသမတန်း ကျောင်းသား(၃၀)ဦး စုစုပေါင်း (၆၆)ဦး ရှိပါတယ်။ ဧကနိကျေးရွာရဲ့ အရံကျေးရွာ(၈)ရွာရှိ မူလတန်း ကျောင်းသားများမှာ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် (၈၀၇)ဦး ရှိပါတယ်။ ပင်မ အ.ထ.က ရေဖြူသို့ သွားရောက်ပညာသင်ကြားပါက (၁၂)မိုင်ခန့်ဝေးကွာပြီး တောလမ်းခရီးသွားရခြင်း နှင့် မိုးတွင်း ကာလတွင် ရေကြီးခြင်းကြောင့် သွားလာမှုခက်ခဲခြင်း၊ ငယ်ရွယ်သူများဖြစ်သော ကျောင်းသူ/ကျောင်းသား များမှာ အခက်အခဲနှင့် ကြုံတွေ့ကြရပါတယ်။ မိဘများမှာဆင်းရဲသော တောင်သူလယ်သမားများ ဖြစ်ကြ ပြီး ရေဖြူနှင့် အခြားကျောင်းများသို့ သွားရောက်၍ အထက်တန်းပညာ သင်ယူနိုင်ရေးအတွက် အိမ်ငှား စရိတ်၊ စားစရိတ်နှင့် အထွေထွေစရိတ်များ မထောက်ပံ့နိုင်၍ နှစ်စဉ် ကလေးငယ်များ အချို့မှာ ပညာ သင်ယူလိုသော်လည်း ငွေကြေးမတတ်နိုင်၍ ပညာသင်ကြားခွင့် ဆုံးရှုံးခြင်းနှင့် ကြုံတွေ့နေရပါတယ်။ ဧကနိကျေးရွာ အလယ်တန်းကျောင်း၏ ကျောင်းဝင်းမြေဧရိယာနှင့် (၁.၀၈)ဧက ရှိပြီးကျောင်းဆောင်မှာ (၁၂၀ ပေ x ၃၀ ပေ x ၁၂ ပေ) တစ်ထပ်ဆောင် (၂)ဆောင်၊ (၉၀ ပေ x ၃၀ ပေ) နှစ်ထပ်ဆောင် (၁)ဆောင်၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း စာသင်ဆောင်အခန်း (၃၀ ပေ x ၂၀ ပေ) (၁၂)ခန်းနှင့် ရေတွင်း၊ ရေကန်၊ အိမ်သာ၊ စာရေးခုံများ လုံလောက်စွာ ရှိပါတယ်။ ကျောင်းအုပ်ဆရာကြီး (၁)ဦး၊ အလယ်တန်းပြဆရာ (၉)ဦး၊ မူလတန်းပြဆရာ (၈)ဦးနှင့် ရုံးဝန်ထမ်း (၂)ဦး စုစုပေါင်း (၂၀)ဦး ရှိပါတယ်။

ဧကနိကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပါက ကျောင်း အတွက် လိုအပ်သော ရန်ပုံငွေရရှိရေး၊ သင်ထောက်ကူပစ္စည်းများအပြင် ကျောင်းဆရာအင်အား ဖြည့်တင်းရေးနှင့် ပညာရေးမြှင့်တင်မှု အစီအစဉ်အရ အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းဖြစ်မြောက်ရေးကော်မတီတို့၏ အစီအစဉ်ဖြင့် ပြည့်စုံစွာ တာဝန်ယူ ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုထားပါတယ်။ အမှုတွဲကို ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီးသို့ ၂၃-၉-၂၀၁၄ နေ့တွင် တင်ပြ ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဧကနိကျေးရွာ ကျောင်းသူ/ ကျောင်းသားမိဘများ၏ ပညာရေး လိုလားအားပေးမှု နှစ်စဉ် တိုးတက်လာမည့် ကလေးများ၏ အထက်တန်းပညာ ဆက်လက်သင်ယူမှု အဆင်ပြေစေရေးနှင့် ပညာရေးမြှင့်တင်မှုကို ရှေးရှု၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးပါရန် ဒေသခံ ပြည်သူများမှ စိတ်အားထက်သန်စွာ လိုလားတောင်းဆိုနေကြပါသဖြင့် ဧကနိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစား စွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**လပွတ္တာမြို့နယ်၊ ကြူတော အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး က လပွတ္တာမြို့နယ်၊ ကြူတော အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယ ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေအတွင်းမှာ ပါရှိတဲ့ လပွတ္တာမြို့နယ်၊ ကြူတောကျေးရွာအုပ်စု၊ ကြူတော ကျေးရွာမှာ ကြူတော အ.လ.က (ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်း အဆင့်သို့ တိုးမြှင့်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်တဲ့ မေးခွန်းကိုတင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာမြို့နယ်၊ ကြူတောကျေးရွာအုပ်စု၊ ကြူတောကျေးရွာဟာ အိမ်ခြေ (၄၃၃)အိမ်၊ အိမ်ထောင်စု (၄၅၃)စု၊ လူဦးရေ (၂၁၆၆)ဦး ရှိတဲ့ လယ်ယာလုပ်ငန်းကို အဓိက မှီခိုအားထား လုပ်ကိုင်နေကြတဲ့ ကရင်တိုင်းရင်းသား အများစုနေထိုင်ရာ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ကြူတောကျေးရွာ မှာ အခြေခံ ပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့် ရရှိခဲ့တာ (၅)နှစ် ရှိပြီ ဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကြူတောအခြေခံ ပညာအလယ်တန်းကျောင်းမှာ မူလတန်းကျောင်းသား/ ကျောင်းသူ(၄၃၄)ဦးနှင့် အလယ်တန်းကျောင်းသားကျောင်းသူ(၂၁၉)ဦး စုစုပေါင်း(၆၅၃)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျောင်းသားမိဘတွေ၊ ကျောင်းအကျိုး ဆောင်တွေနဲ့ ရွာမိရွာဖများဟာလည်း ပညာရေးကို စိတ်ပါဝင်စားစွာနဲ့ ပူးပေါင်းဆောင်ရွက်လိုသူများ ဖြစ်ပါတယ်။ ကြူတောကျေးရွာမှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိရေး အတွက်လည်း ပညာရေးဌာနရဲ့ ချမှတ်ထားတဲ့ မူဝါဒ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကျေးရွာနေပြည်သူ လူထုနဲ့ တွေ့ဆုံပွဲအစီအစဉ်မှာလည်း ဒေသခံမိဘပြည်သူအားလုံးက အခြေခံပညာ အလယ်တန်းကျောင်း အဆင့်ကို တိုးမြှင့်ခွင့်ရရှိရေးအတွက် တင်ပြဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့ကို ဆန္ဒပြုပြောဆို ဆွေးနွေးကြပါတယ်။ ဒါကြောင့်မို့လို့ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ခွင့်ကိုလည်း ဆောလျင်စွာ ရရှိလိုကြောင်း တင်ပြကြပါတယ်။

သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ်၊ ကြူတောကျေးရွာအုပ်စု၊ ကြူတော အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နဲ့

ပတ်သက်၍ သိရှိလိုပါသဖြင့် ဒေသခံ မိဘပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် က နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဗိုလ်မှူးမျိုးထွန်းအောင် (တပ်မတော်သား ကိုယ်စားလှယ်)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင် ဆရာကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းဟာ အနီးဆုံး အထက်ကျောင်း တည်ရှိရာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ တပ်ကုန်းနှင့် (၁၀)မိုင်ခန့် ဝေးကွာလျက်ရှိပြီးတော့ စုစုပေါင်း အိမ်ထောင်စု (၁၆၄၅)စု၊ လူဦးရေ (၆၆၆၅)ဦးရှိပြီးတော့ လက်ရှိကျောင်းသားဦးရေ (၄၁၃)ဦး ရှိပါတယ် ခင်ဗျား။ ကျောင်းအဆင့်တိုးမြှင့်ခံရပါက ထပ်မံတက်ရောက်မည့်ဦးရေက လက်ရှိစာသင်နှစ်မှာ (၉၉) ဦး ရှိပါတယ် ခင်ဗျား။

ကျောင်းအကျယ်အဝန်း (၂)ဧက ရှိပြီးတော့ လက်ရှိကျောင်း အဆောက်အဦ (၁)ခု၊ RC (၂)ထပ်ဆောင်၊ စာသင်ခန်း (၃၀ ပေ x ၂၀ ပေ) (၁၂)ခန်းရှိပြီးတော့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများ ညှိနှိုင်းဆောက်လုပ်မည့် (၁၆၄ ပေ x ၂၆ ပေ) အကျယ် စာသင်ခန်း (၄)ခန်းပါ RC (၁)ထပ်ဆောင်၊ အဆောက်အဦ(၁)လုံးကိုလည်း အသစ်ဆောက်လုပ်သွားမည်ဖြစ်တဲ့အပြင် ကျောင်းမြေ၊ အဆောက်အဦ၊ ပရိဘောဂ၊ လိုအပ်သည့်ဆရာ၊ ဆရာမများ ငှားရမ်းသင်ကြားရေးနှင့် အခြားလိုအပ်မည့် ငွေကြေး ရန်ပုံငွေများလည်း အသင့်စုဆောင်းထားရှိပြီး ဖြစ်သည့်အတွက် လက်ရှိကျောင်းသား၊ ကျောင်းသူများနှင့် နှစ်စဉ်ပညာရေးနှစ်အလိုက် ထပ်မံတိုးတက်လာမည့် ကျောင်းသား၊ ကျောင်းသူများ အထက်တန်းပညာ သင်ကြားရေးမှာ ခက်ခဲမှု မရှိနိုင်စေရန်အတွက် ကျောင်းသားမိဘ၊ ကျောင်းအကျိုး

တော်ဆောင်အဖွဲ့၊ အထက်တန်းကျောင်း(ခွဲ) ဖြစ်မြောက်ရေးကော်မတီ၊ ကျောင်းအုပ် ဆရာမကြီးတို့ရဲ့ ထောက်ခံတင်ပြမှုတွေနဲ့ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ထံမှာ အထောက်အထား အချက်အလက် ပြည့်စုံစွာဖြင့် တင်ပြပြီး ဖြစ်ပါသဖြင့် လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ပညာရေးနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ အမှတ်(၁၄)အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများကို တစ်ပေါင်းတည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော့ယိန်း ရဲ့မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြပါမယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်ကျောင်း (၆)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၁၉)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၈)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၆၇)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၄၉)ကျောင်းနဲ့ တွဲဖက် အခြေခံပညာမူလတန်းကျောင်း (၂)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၂၈၈)ကျောင်းတို့အား ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။

ပလက်ဝမြို့နယ်၊ ကာရမိတ် အခြေခံပညာ မူလတန်းကျောင်းတွင် သူငယ်တန်း(၆၇)ဦး၊ ပထမတန်း (၄၀)ဦး၊ ဒုတိယတန်း (၃၁)ဦး၊ တတိယတန်း (၂၇)ဦး၊ စတုတ္ထတန်း (၂၈)ဦး စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား (၁၉၃)ဦး ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ ကျောင်းအဆောက်အဦ မြေနေရာ ရှိ၊ မရှိ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်တဲ့ မူဝါဒတွေကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို

ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ကာရမိတ် အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေး သွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာ သင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၄)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၇)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၉)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂၉)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း (၁၂၀)ကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်း(ခွဲ) (၉)ကျောင်းနှင့် စုစုပေါင်း အခြေခံပညာကျောင်း (၁၈၄)ကျောင်းတို့အား ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။

ရေဖြူမြို့နယ်၊ ဧကနိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပဥ္စမတန်း (၁၁၅)ဦး၊ ဆဋ္ဌမတန်း(၈၂)ဦး၊ သတ္တမတန်း (၆၄)ဦး၊ အဋ္ဌမတန်း (၅၁)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၃၁၂)ဦး ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသအခြေအနေအရ ဧကနိအခြေခံပညာ အလယ်တန်း ကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပါ ကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ရဲ့ လပွတ္တာမြို့နယ်၊ ကြူတော အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်ကျောင်း (၇)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၃၇)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၆၆)ကျောင်း၊ အခြေခံ ပညာ မူလတန်းကျောင်း (၂၃၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၄၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၃၉၇)ကျောင်းတို့အား ဖွင့်လှစ်ခွင့် ပြုခဲ့ပြီး ဖြစ်ပါတယ်။

လပွတ္တာမြို့နယ်၊ ကြူတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တွင် ပဉ္စမတန်း (၈၅)ဦး၊ ဆဋ္ဌမတန်း(၇၄)ဦး၊ သတ္တမတန်း (၃၄)ဦး၊ အဋ္ဌမတန်း (၂၆)ဦး စုစုပေါင်း အလယ်တန်း အဆင့်သင် ကျောင်းသား (၂၁၉)ဦး ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျှော့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသအခြေအနေအရ ကြူတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွား မည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၇)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၈)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၁၃)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၂၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၈၅)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၄၇)ကျောင်းတို့အား ဖွင့်လှစ်ခွင့် ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်တွင် အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းဟူ၍ ကျောင်းအမည်ပေါက်ခြင်း မရှိပါ။ အမှတ်(၄) ကာကွယ်ရေး ပစ္စည်းစက်ရုံ အခြေခံပညာ အလယ်တန်းကျောင်းဟူ၍သာ ရှိပါတယ်။ အဆိုပါကျောင်းတွင် ပဉ္စမတန်း (၄၆)ဦး၊ ဆဋ္ဌမတန်း(၆၁)ဦး၊ သတ္တမတန်း(၄၆)ဦး၊ အဋ္ဌမတန်း(၄၄)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၁၉၇)ဦး ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီမှ ဒေသအခြေအနေအရ အဆိုပါကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ပေးသင့်ကြောင်း သဘောထားမှတ်ချက် ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်း များဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဝန်ကြီးဌာနတချို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေမှုများကို မည်သို့ထိန်းသိမ်း ညှိနှိုင်းဆောင်ရွက်ရန် ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် က ဝန်ကြီးဌာန တချို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေမှုများကို မည်သို့ ထိန်းသိမ်းညှိနှိုင်း ဆောင်ရွက်ရန် ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဝန်ကြီးဌာနတချို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေတဲ့ အနေအထားတွေကို ဘယ်လိုညှိနှိုင်း ထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားမလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းဟာ ဝန်ကြီးဌာနတချို့ လို့ ကျွန်တော် ရည်ညွှန်းထားပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းယိုယွင်းတာဟာ ဝန်ကြီးဌာန ကြောင့် တင်မဟုတ်ဘဲနဲ့ ပြည်သူများကြောင့်လည်း ဖြစ်တယ်ဆိုတဲ့ အနေအထားကို ကျွန်တော် သီးခြား မေးခွန်းများနဲ့လည်း မေးမြန်းထားပြီး ဖြစ်ပါတယ်။

အခု ဒီမှာ ကျွန်တော် ရည်ညွှန်းထားတဲ့ ဝန်ကြီးဌာနက အဓိကကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနနဲ့ သတ္တုတွင်းဝန်ကြီးဌာန ဖြစ်ပါတယ်။ ဒီဝန်ကြီးဌာန (၂)ခုတည်းကြောင့်ပဲ သဘာဝ ပတ်ဝန်းကျင် ပျက်သလားဆိုတော့ ကျွန်တော်တို့ တိုင်းဒေသကြီးတွေမှာ တခြားသောဝန်ကြီးဌာန များကြောင့်လည်းပဲ ပျက်တာတွေ ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ ကမ်းရိုးတန်းဒေသနဲ့၊ ပင်လယ်ပြင်နဲ့ ဆက်စပ်နေတာ ဖြစ်တဲ့အတွက် ဒါပင်လယ်ပြင်ထဲမှာ မဆင်မခြင် ငါးဖမ်းတဲ့ကိစ္စတွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်တာတွေ အများကြီး ရှိခဲ့ပါတယ်။ မြေအောက် ကြမ်းပြင်တွေ၊ ရေအောက်ကြမ်းပြင်တွေ ပျက်ခဲ့ပါတယ်။ ငါးသယံဇာတတွေ ယိုယွင်းပျက်စီးခဲ့ပါတယ်။ ဒါကလည်းပဲ သွယ်ဝိုက်သောအားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှာ အထိုက်အလျောက် တာဝန်ရှိတယ်လို့ ကျွန်တော်တို့ ဒါ သုံးသပ်လို့ရပါတယ်။

အခုဟာတော့ ကျွန်တော်တို့ မြေပြင်ပေါ်မှာ တကယ်ကိုဖြစ်နေတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန နဲ့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေတာ ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် PowerPoint လေးနဲ့ နည်းနည်းရှင်းပြပါမယ်။

ဒါ ထားဝယ်ကနေပြီးတော့မှ မေတ္တာ၊ မေတ္တာကနေပြီးတော့မှ ဒီနေ့ ထိုင်းနိုင်ငံ၊ ကန်ချနပူရီ နဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းကို ဖောက်ထားတဲ့ လမ်းရဲ့အခြေပြမြေပုံ၊ ဒါ လမ်းကြောင်းပြ မြေပုံ ဖြစ်ပါတယ်။ ထားဝယ်ကနေပြီးတော့ ဒီအထိ နယ်စပ်ဟာ ကြည့်မယ်ဆိုလို့ရှိရင် မိုင်အားဖြင့် (၉၉)မိုင်ကျော်ကျော် (၁၀၀)နီးပါးလောက် ရှိပါတယ်။ အခု ကျွန်တော်တင်ပြသွားမယ့် ဆက်စပ်နေတဲ့ ဟိန္ဒားမိုင်း၊ နောက်တစ်ခါ ဘဝပင်မိုင်း၊ ဒီမိုင်းများဟာ ထားဝယ်ကနေ ထွက်လိုက်လို့ရှိရင် (၂၃)မိုင်နဲ့ မိုင်(၃၀) ပတ်ဝန်းကျင်မှာရှိတဲ့ မိုင်းများ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ထားဝယ်ဒေသဟာ တကယ်ကြည့်မယ်ဆိုလို့ရှိရင်

သယံဇာတ အင်မတန် ပေါများတဲ့ဒေသ ဖြစ်ပါတယ်။ သတ္တုသယံဇာတ၊ သစ်တောသယံဇာတ၊ ပင်လယ်နဲ့လည်း ဆက်စပ်နေတဲ့အတွက် ငါး၊ ပုစွန် သယံဇာတများ များစွာရှိနေတဲ့ ဒေသ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီသယံဇာတနဲ့ပတ်သက်တဲ့အနေအထားဟာ ပတ်ဝန်းကျင် ပျက်ယွင်းယိုယွင်းနေမှုများကြောင့် ကမ္ဘာကြီး ပူနွေးလာတဲ့ အနေအထားတွေလည်း ဒါ အကြောင်းအချက်တစ်ခု အနေနဲ့ ပါနေပါတယ်။ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ထားဝယ်ဒေသမှာ ခုနက ပြောသလို ဒီလို သယံဇာတတွေ ရှိပါတယ်။ ဒီ သယံဇာတတွေဟာ ဒီအတိုင်းထားမယ်ဆိုလို့ရှိရင်လည်း နိုင်ငံတော်အတွက် ဘာမှ အကျိုးမရှိပါဘူး။ ဒီနေ့ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေဟာ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖြစ်ပါတယ်။ အဲဒီတော့ တကယ်လည်းပဲ ဒီနေ့ ဒီဆောက်လုပ်ရေးဝန်ကြီးဌာနက ဒီကျောက်တောင်ကြီးတွေ၊ သဘာဝကျောက်တောင်တွေကို ထုခွဲလိုက်တဲ့ အတွက် မိုင်းခွဲပြီးတော့ရင် ကျောက်တွေ ဖော်လိုက်တဲ့အတွက် လမ်းတွေကောင်းလာပါတယ်။ ကျွန်တော့်ကို ဆက်ပြီးတော့ Next ပြပေးပါ။ ဒါတွေဟာ ထားဝယ်ကနေပြီးတော့ ထွက်သွားမယ်ဆိုလို့ရှိရင် မေတ္တာ မရောက်ခင်၊ ဘဝပင်မိုင်းမရောက်ခင် လမ်းကြောင်းရဲ့၊ ဘဝပင်ချောင်းကြီးရဲ့ တောင်ဘက်မှာ တွေ့ရတဲ့ သဘာဝကျောက်တောင်ကြီးတွေ ဖြစ်ပါတယ်။ အင်မတန်လည်း ထုထည်ကြီးမားစွာနဲ့ မျက်စိပသာဒ တော်တော်လေးကို ကြည့်လို့လှတဲ့ နေရာပတ်ဝန်းကျင်တွေ ဖြစ်ခဲ့ပါတယ်။

ဒီနေ့ ကျွန်တော် အခု တင်ပြတဲ့ဟာက ဘဝပင်ချောင်းရဲ့ တောင်ဘက်ကမ်း ဖြစ်ပါတယ်။ Next ကျွန်တော့်ကို ပြပေးပါ။ ဒါက ချောင်းရဲ့ မြောက်ဘက်ကမ်း ဖြစ်ပါတယ်။ အရင်တုန်းကဆိုလို့ရှိရင်တော့ ဒီနေရာတွေဟာလည်းပဲ ချောင်းရဲ့ တောင်ဘက်ကမ်းမှာရှိတဲ့ သဘာဝကျောက်တောင်ကြီးတွေပဲ တွေ့ခဲ့ ရတဲ့ နေရာတွေ ဖြစ်ပါတယ်။ အခုကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေပြီးတော့ ထားဝယ်-မေတ္တာ လမ်းကြီး ချဲ့ထွင်ဖို့အတွက်၊ ဆောက်ရွက်လိုက်တဲ့အတွက် ဒီကျောက်တောင်တွေဟာ ဒီလို အနေအထားကို ရောက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒါ ကျွန်တော်တို့ အရမ်းကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဒီလမ်းက တစ်ချိန်တုန်းက ကားနှစ်စီးတောင်မှ မနည်းရှောင်ရတဲ့လမ်းတွေ ဖြစ်ပါတယ်။ ဒီနေ့တော့ ကားများစွာ လည်းပဲ သွားနိုင်တယ်၊ လာနိုင်တယ်။ အရင်တုန်းကတော့ ဆိုင်ကယ် Accident ခဏခဏဖြစ်၊ ကားတွေ ချောက်ထဲထိုးကျတဲ့ နေရာတွေ ဖြစ်ခဲ့ပါတယ်။ အကောင်းဘက်က ကြည့်မယ်ဆိုရင် အများကြီး ဒါ တိုးတက်တဲ့အနေအထား ဖြစ်ပါတယ်။ သို့သော်လည်းပဲ သတိမထားဘဲနဲ့ အလုပ်လုပ်တဲ့အခါမှာ ဒီချောင်း၊ ဒီကားလမ်းနဲ့ ဆက်စပ်နေတဲ့၊ ဒီကျောက်တောင်တွေနဲ့ ဆက်စပ်နေတဲ့ ဘဝပင်ချောင်းကြီးဟာ Next ကို ကျွန်တော့်ကို ပြပေးပါ။ အခုမြင်ရတာ ခဏလေးထားပေးပါခင်ဗျာ။

ဒါတွေဟာ ဒီကျောက်တောင်ကြီးတွေကို မိုင်းခွဲလိုက်တဲ့အတွက် ထွက်လာတဲ့ ကျောက်တွေ ရယ်၊ မြေစာတွေရယ် ဒါတွေကြောင့် ဘဝပင်ချောင်းဟာ တဖြည်းဖြည်းနဲ့ တိမ်ကောလာပါတယ်။ ကြည်လင်နေတဲ့ရေတွေဟာလည်းပဲ ဒီကနေ့ မြင်ရတဲ့အတိုင်းပဲ၊ နောက်ကျိပြီးတော့မှ တော်တော်လေးကို ရေချောင်းထဲမှာရှိတဲ့ ငါး အရင်းအမြစ်များ ပျောက်ကွယ်တဲ့အနေအထားတွေ ဖြစ်ပါတယ်။ ဒီချောင်းဟာ ကျွန်တော် ဘာကြောင့် ဒါကို ဒီလောက်တင်ပြနေရတာလဲ။ ဒီချောင်းဟာ ဘယ်လောက်တန်ဖိုး ရှိနေလဲ ဆိုရင်၊ တကယ်တော့လည်း ဒီချောင်းဟာ ကျွန်တော်တို့ ထားဝယ်ဒေသအတွက်တော့ အကျိုးသိပ်မရှိ ပါဘူး။ သို့သော်လည်းပဲ ဒီလိုဖြစ်သွားတဲ့အတွက် ချောင်းကောလာပါတယ်။ ချောင်းကောလာပြီးတော့ မိုးတွင်းကာလများမှာ အပေါ်က တောင်ကျရေ ကျတာနဲ့ ထားဝယ်ဆက်စပ်နေတဲ့ ပင်လယ်ပြင်က

ဒီရေတက်လာတာနဲ့ဆိုရင် ကျွန်တော်တို့ ထားဝယ်ဒေသဟာ ရေမကြာခဏ နစ်မြုပ်ပါတယ်။ ဒါ ကျွန်တော်တို့ တိုင်းဒေသကြီးအဆင့် ဖြစ်ခဲ့ပေမယ့် တစ်ချိန်တုန်းက ကျွန်တော်တို့ တိုင်းဒေသကြီးဟာ၊ ထားဝယ်မြို့ဟာ မိုးတွင်းကာလရောက်လို့ရှိရင် လေးဖက်လေးတန် ဘယ်မှ ထွက်လို့ မရပါဘူး။

ဒီနေ့ တိုင်းဒေသကြီး ဖြစ်တဲ့အခါကျတော့မှ ကျွန်တော်တို့ လမ်းတွေမြှင့်၊ လမ်းတွေချဲ့ ဒီလို အနေအထားဖြစ်ခဲ့တဲ့အတွက် တစ်ချိန်တုန်းက အနေအထားနဲ့ ကြည့်ရင်တော့ ကျွန်တော်တို့ အရမ်း တိုးတက်လာပါတယ်။ သို့သော် ဒီချောင်းရဲ့အနေအထားဟာ ခုနကလို သဘာဝပတ်ဝန်းကျင် ပျက်ယွင်း လာတဲ့ အနေအထားတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ လမ်းအနေနဲ့တော့ အရမ်း ကောင်းလာပါတယ်။ ဒီကျောက်တောင်ကြီးတွေ ချဲ့လိုက်တဲ့အတွက် လမ်တွေကျယ်လာပါတယ်။ တကယ်တမ်း ချောင်းရဲ့ အသုံးဝင်ပုံက အခုနကပြောသလို အထင်ကရတော့ သိပ်တော့ မရှိလှပါဘူး။ သဘာဝအလှတွေနဲ့ ပြည့်နေတာပဲ ရှိပါတယ်။

သို့သော်လည်းပဲ အရင်ကာလတုန်းကတော့ ဒီချောင်းကို ပိတ်ပြီးတော့မှ နွေစပါး စိုက်တာတွေ၊ ဘာတွေ ရှိခဲ့ဖူးပါတယ်။ ဒီကနေ့ကာလမှာတော့ ကျွန်တော်တို့ လက်ရှိ မြင်ရတဲ့အနေအထားအရ ဘယ်လိုမှ ကျွန်တော်တို့ လုပ်လို့ မရတော့ပါဘူး။ ဒါ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဒီလို လုပ်လိုက်တဲ့အတွက် ဒီလိုဖြစ်ပါတယ်ဆိုတာ ကျွန်တော် တင်ပြတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနက စေတနာနဲ့ လုပ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ အရမ်းကျေးဇူးတင် ပါတယ်။ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ ဆက်ပြီးတော့ ဒါလေးတွေကို ဒီကျောက်ထုတ်လုပ်ငန်းကြီးဟာ ကျွန်တော်ထင်ပါတယ်။ နောက်အစိုးရလက်ထက်လည်း တောက်လျှောက် ကျောက်ထုတ်ပြီးတော့ ဒီလမ်းတွေဟာ ခင်းနေရမယ့်အနေအထားဖြစ်တဲ့အတွက် အခုကတည်းက ဒါတွေကို ထွက်လာမယ့် မြေစာတွေ၊ ကျောက်တုံးတွေ၊ ကျောက်ခဲတွေ၊ ချောင်းထဲကိုမကျအောင် ထိန်းသိမ်းနိုင်မယ်ဆိုလို့ရှိရင် တော့ နောင်မှာ ဒီလောက်တော့ မဆိုးနိုင်ဘူးလို့ ဒါ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ရင် ဒါလေးကို ထိန်းသိမ်းနိုင်ဖို့ ကျွန်တော် အကြံပြုတင်ပြပါတယ်။

ထို့အတူပဲ အခု Power Point နဲ့ တင်ပြထားတဲ့ဟာက ကျွန်တော်တို့ ဒီချောင်းကြီးရဲ့ တောင်ဘက်ကမ်းမှာရှိတဲ့ ဘဝပင်မိုင်း ဖြစ်ပါတယ်။ ဘဝပင်မိုင်းဟာ တစ်ချိန်တုန်းက ဟိန္ဒားမိုင်း လက်ရှိ ရှိနေတဲ့ ဟိန္ဒားမိုင်းတို့ ဟာမြင်းကြီးမိုင်းတို့လောက် သိပ်ပြီးတော့ရင် အထွက်မရှိပါဘူး။ ဒီကနေ့တော့ စက်ယန္တရားတွေနဲ့ ဒါ ရင်းနှီးမြှုပ်နှံပြီးတော့မှ တူးဖော်နေတာ ဖြစ်တဲ့အတွက် တော်တော်လေးကို အထွက်နှုန်းကောင်းလာတဲ့ မိုင်းတစ်ခု ဖြစ်ပါတယ်။ ကြည့်မယ်ဆိုလို့ရှိရင် ဒီတောင်ကြီးတစ်တောင်လုံးဟာ ဒီကနေ့ မြင်ရတဲ့အတိုင်းပဲ ယန္တရားတွေနဲ့ ဖြိုချလိုက်တဲ့အတွက် တောတွေလည်း ပျောက်သွားပါပြီ။ တောင်တွေလည်း ပျက်သွားပါပြီ။ မြေစာတွေဟာ အခုနက ကျွန်တော်ပြောတဲ့ ဘဝပင်ချောင်းထဲကိုပဲ စုပြုံဆင်းလာပြီးတော့မှ ဒီလို ချောင်းရေတွေ နောက်ကျိ၊ ချောင်းဘေးမှာနေတဲ့ ရွာသူရွာသားတွေ ဒီရေကို အသုံးမချနိုင်တဲ့ အနေအထားတွေ ဖြစ်သွားပြီ ဖြစ်ပါတယ်။ ဒါက ကျွန်တော် ဘဝပင်မိုင်းနဲ့ ပတ်သက်တဲ့ Data ဆက်စပ်ပြီး တင်ပြတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ထားဝယ်ဒေသမှာ ထင်ရှားကျော်ကြားတဲ့ ဟိန္ဒား သတ္တုမိုင်း ဖြစ်ပါတယ်။ ဟိန္ဒားသတ္တုမိုင်းဟာ မြေလှန်ဖွင့်ပြီးတော့မှ တူးဖော်ရတဲ့မိုင်း ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် တင်ပြပါ မြင်နေရတဲ့အနေအထားတွေဟာ လွန်ခဲ့တဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်လောက်က

မြင်ရတဲ့အနေအထားနဲ့ ဆိုလို့ရှိရင် တခြားစီ ဖြစ်သွားပါပြီ။ တောင်တွေ လုံးဝမရှိတော့ပါဘူး။ ဒီလို မဖွင့်ရင်လည်းပဲ သတ္တု သယံဇာတ တူးလို့မရပါဘူး။ သို့သော်လည်းပဲ ဒီဖွင့်လိုက်တဲ့မြေလွှာတွေ၊ မြေစာတွေဟာ ဘေးမှာရှိနေတဲ့ မြောင်းပြို့ချောင်းတို့၊ ဟိန္ဒားချောင်းတို့ ဒီချောင်းတွေထဲကို စီးဆင်းသွားတဲ့အခါမှာ မူလ ပေ(၂၀)လောက် ရှိတဲ့ ချောင်းတွေဟာ ပေ ရာဂဏန်း တစ်ရာပတ်ဝန်းကျင် အထိ ဖြစ်သွားတဲ့ ချောင်းပြင် ကျယ်ကြီးတွေ ဒီလိုဖြစ်ကုန်ပါတယ်။ ဒါ ကျွန်တော်တို့ ဒီမိုင်းတွေဟာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အများကြီး ရှာပေးတဲ့ မိုင်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့အားလုံး လက်ခံပါတယ်။ သို့သော် ပတ်ဝန်းကျင် ပျက်ယွင်း မှုဟာ တော်တော်လေးကို ဆိုးသွားတဲ့အနေအထား ဖြစ်ပါတယ်။ ဒါတွေဟာ ချောင်းတွေ ကောလာတဲ့ အနေအထားကို ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။

ဒီမိုင်းက ၁၉၉၈-၁၉၉၉ ခုနှစ်လောက်ကတည်းက စလုပ်ခဲ့တဲ့ နိုင်ငံခြားနဲ့ ဖက်စပ်ပြီးတော့မှ လုပ်ခဲ့တဲ့ မိုင်းဖြစ်ပါတယ်။ ဒီကနေ့ အထိလည်းပဲ ဒီထိုင်းနိုင်ငံကုမ္ပဏီတစ်ခုနဲ့ နိုင်ငံတော်အစိုးရနဲ့ ဖက်စပ်ပြီးတော့ လုပ်နေတဲ့ မိုင်းလည်း ဖြစ်ပါတယ်။ ထွက်နှုန်းလည်း အင်မတန် ကောင်းပါတယ်။ သို့သော်လည်းပဲ အစကတည်းက ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို ကြီးကြပ်ပေးမယ့် သတ္တုတွင်းဝန်ကြီးဌာနကလည်းပဲ ဒါကို ကြီးကြပ်ခဲ့တာ အားနည်းပုံရပါတယ်။ ဒီကနေ့တော့ သဘာဝ ပတ်ဝန်းကျင်ဟာ တော်တော်လေးကို ယိုယွင်းသွားတဲ့ အနေအထားတွေ ဖြစ်သွားပါတယ်။ ဒီချောင်း တွေဟာ ကျွန်တော်တို့ ပြောမယ်ဆိုလို့ရှိရင် တနင်္သာရီမြစ်ထဲကို စီးဝင်သွားတဲ့ ချောင်းတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ တနင်္သာရီမြစ်ကြီးဟာ တစ်ချိန်တုန်းက ကြည်ကြည်လင်လင်နဲ့ ရေတွေ ကောင်းနေခဲ့ပေ မယ့်၊ အခု ဒါ တင်ပြထားတာ ဆိုလို့ရှိရင် ကျွန်တော် အကြောင်းအရာတွေရဲ့ ပြင်ပမှာပါမယ့် ရွှေတူးဖော် နေတဲ့ ဓာတ်ပုံတွေ ဖြစ်ပါတယ်။ ဒီနေ့ ဆိုလို့ရှိရင် ဒီတနင်္သာရီမြစ်ထဲမှာ ရွှေတူးနေကြ ပါပြီ။ ဒါကလည်းပဲ သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုထားတာတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ သိသလောက်ကတော့ အဲဒီဒေသမှာ ငြိမ်းချမ်းရေးယူထားတဲ့ KNU အဖွဲ့အစည်းကနေပြီးတော့မှ ဒါ ခွင့်ပြုထားတဲ့ ရွှေသတ္တု တူးဖော်နေတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ ဒါတွေဟာ ဒီကနေ့ ကျွန်တော်တို့ ထိန်းချုပ်မယ်ဆိုလို့ရှိရင်တော့ အခုမှ အစရှိသေးတဲ့အတွက် ထိန်းချုပ်နိုင်စွမ်းရှိပါတယ်။ ထိန်းလည်း ထိန်းသင့်ပါတယ်။ သို့မဟုတ်ရင် တော့ ကျွန်တော်တို့ တနင်္သာရီမြစ်လည်းပဲ၊ ဒီကနေ့ဆိုလို့ရှိရင် ပြီးခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကဆို လို့ရှိရင် ဒီတနင်္သာရီမြစ်ဟာ ရွှေ အရမ်းရတဲ့အတွက်၊ အတုံးလိုက်၊ အခဲလိုက်တွေကို ရတဲ့အတွက် တော်တော်များများလာပြီးတော့ ထောင်နဲ့၊ သောင်းနဲ့ ချီပြီးတော့ကို တူးကြပါတယ်။ ရွှေတူးတဲ့သူတွေဟာ အဲဒီလောက်အထိ ဦးရေ ရှိပါတယ်။ သို့သော် ဒါ ကျွန်တော်တို့ နိုင်ငံတော်က ခွင့်ပြုတာ မဟုတ်ပါဘူး။ သူ့သဘောနဲ့ သူ့ဆန္ဒနဲ့ လာပြီးတော့ ဒေသမှာရှိတဲ့၊ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ အဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ကြတာတွေ ဖြစ်ပါတယ်။ ဒီ တနင်္သာရီမြစ်ရဲ့ အောက်ပိုင်းရေတွေဟာ အတော်လေးကို နောက်ကျိသွားပါတယ်။


ပြီးခဲ့တဲ့ ၂၀၁၃ လောက်ထိကို တော်တော်လေး ဆိုးပါတယ်။ ဒီ ၂၀၁၃ ခုနှစ်ကုန်ခါနီး ၂၀၁၄ ခုနှစ်လောက်ကစပြီးတော့မှ တဖက်အဖွဲ့အစည်းက ထိန်းထိန်းသိမ်းသိမ်း လုပ်လာပေးတဲ့အတွက် ဒီကနေ့ ဒါ တနင်္သာရီမြစ်ရေဟာ နည်းနည်း ပြန်ကြည်လာတဲ့သဘော ရှိပါတယ်။ သို့သော် အခု ကျွန်တော် လွှတ်တော်နားလို့ ပြန်သွားတဲ့အချိန်မှာ ပြန်လည်ပြီးတော့မှ ရွှေလုပ်ခွင့်တွေ ဒါ ခွင့်ပြုထားတာ တွေ့ရပါတယ်။

ကျွန်တော် ပြောချင်တာက အဓိက ကျွန်တော်တို့ဒေသဟာ၊ ကျွန်တော်တို့ တနင်္သာရီတိုင်းကြီးဟာ သဘာဝ သယံဇာတတွေ အရမ်းပေါ ပါတယ်။ သစ်ဆိုလို့ရှိရင်လည်း တော်တော်ကို ကျန်ပါသေးတယ်။ သစ်တောတွေ၊ ကျွန်တော်အရင်တုန်းကလည်းပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို အကြံပြုခဲ့ဖူးပါတယ်။ မေးလည်းမေးခဲ့ဖူးပါတယ်။ မြင်းမိုရ်လက်ခတ်နှင့် ပတ်သက်ပြီးတော့မှ ဒီတောကြီးဟာ အကျယ်ကြီးကျန်ပါသေးတယ်။ ဒီတောထဲမှာ ကျွန်တော်တို့ မမြင်နိုင်တဲ့ တိရစ္ဆာန်တွေရဲ့ သဘာဝသချိုင်းတွေ၊ သစ်တောသယံဇာတတွေ၊ တောကောင်တွေ အများကြီးကျန်သေးတဲ့အတွက် ဒီ သစ်တောကြီးကို ထိန်းသိမ်းပေးဖို့ဆိုပြီးတော့ ကျွန်တော် ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနဲ့ ကျွန်တော် မေးခဲ့ဖူးပါတယ်။

အဲဒီတော့ သစ်တောရေးရာဝန်ကြီးဌာနကတော့ ဒါဟာ ရှိပါတယ်၊ ဆောင်ရွက်မယ်လို့တော့ အကြမ်းဖျင်း ကျွန်တော်တို့ ပြန်ဖြေခဲ့ဖူးပါတယ်။ အခု လက်ရှိ လုပ်နေ၊ မလုပ်နေတော့ ကျွန်တော်လည်း သတိမထားမိပါဘူး။ ရောက်တော့ရောက်ပါတယ်။ သို့သော် ဆိုင်းဘုတ်လေးတွေတော့ ထောင်ထားတာ တွေ့ပါတယ်။ ကြိုးဝိုင်းပြင်ပ ကာကွယ်တောအနေနဲ့တော့ ဆိုင်းဘုတ်ထောင်ထား ပါတယ်။ အဓိက ကျွန်တော် တင်ပြချင်တာကတော့ ဒီ သဘာဝပတ်ဝန်းကျင် ပျက်ယွင်း ယိုယွင်းနေမှုတွေဟာ ဝန်ကြီးဌာန တချို့ကြောင့်ပြောပေမယ့် ပြည်သူလူထုကြောင့်လည်းဖြစ်ပါတယ်။

အဲဒီတော့ ပြည်သူလူထုကြောင့် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့က လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းတွေနဲ့ အားလုံးထိန်းသိမ်းပေးဖို့ လိုပါမယ်။ ဝန်ကြီးဌာနချင်း ဒီ လိုဖြစ်ကြတဲ့ အနေအထားမျိုးတွေမှာလည်းပဲ ဒါဘယ်လို ထိန်းသိမ်းမလဲဆိုတဲ့ အနေအထားကို ကျွန်တော် သိချင်ပါတယ်။ အခု လက်ဦးမှုရတဲ့အချိန်မှာ ကျွန်တော်တို့ ထိန်းသိမ်းထားနိုင်ရင်တော့ ပိုပြီးတော့ကောင်းပါတယ်။ ဒီနှစ်ခု တင်ပြသွားတဲ့အထဲမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကလုပ်တဲ့ လမ်းနဲ့ ခုနက ဟိန္ဒားမိုင်း အနေအထားနဲ့ သုံးသပ်ပြီး တင်ပြမယ်ဆိုင်ရင် ဟိန္ဒားမိုင်း က တော်တော်လေးလက်လွန်နေပါတယ်။ ဟိန္ဒားမိုင်းကို သဘာဝပတ်ဝန်းကျင်မပျက်အောင် ထိန်းသိမ်းမှုကို တော်တော်လေးကို ပြန်လုပ်ယူရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကနေ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကနေတစ်ဆင့် ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထားဝယ်ရေနက်ဆိပ်ကမ်းအား ဖောက်ထားသော လမ်းကြောင်းများ ခြေပြမြေပုံ (စ)



သဘာဝကျောက်တောင်ကြီးများ မြင်ကွင်းပုံ (စ-၁)




သဘာဝကျောက်တောင်ကြီးများ မြင်ကွင်းပုံ (စ-၂)



**မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ ၂၀၀၅ ခုနှစ်တွင် ကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သော ဘရုံ ကြိုးဝိုင်းအတွင်းမှ ယာမြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးရေး၊ အဆိုပြု သာစည်ကြိုးပြင် ကာကွယ် တော အဖြစ် သတ်မှတ်ရာတွင် ပါဝင်သွားသည့် ကျေးရွာ(၅)ရွာနှင့် လယ်ယာမြေများကို ကာကွယ်တောမှ ပြန်လည်ပယ်ဖျက်ပေးရေးနှင့် ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက ရေနံတူးဖော်ခွင့်ကို မည်သည့် အစီအစဉ်ဖြင့် ရရှိနေသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ ၂၀၀၅ ခုနှစ်တွင် ကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့ သော ဘရုံကြိုးဝိုင်းအတွင်းမှ ယာမြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးရေး၊ အဆိုပြု သာစည်ကြိုးပြင် ကာကွယ်တော အဖြစ် သတ်မှတ်ရာတွင် ပါဝင်သွားသည့် ကျေးရွာ(၅)ရွာနှင့် လယ်ယာမြေများကို ကာကွယ်တောမှ ပြန်လည်ပယ်ဖျက်ပေးရေးနှင့် ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက ရေနံတူးဖော် ခွင့်ကို မည်သည့်အစီအစဉ်ဖြင့် ရရှိနေသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းထဲမှာ ၂၀၀၅ ခုနှစ်ကမှစပြီးတော့ ဘရုံကြိုးဝိုင်းလို့ သတ်မှတ်လိုက်တဲ့အထဲမှာ လွန်ခဲ့တဲ့ ၁၉၁၃ ခု လောက်ကတည်းက လယ်ယာမြေတွေနဲ့၊ လယ်မြေတွေနဲ့ ယာမြေတွေ မြေခွန် ပေါက်ပြီးတော့ အလုပ်လုပ်ကိုင်နေတဲ့ မြေတွေနဲ့ ရွာတွေဟာ အဲဒီ သစ်တောကြိုးဝိုင်းထဲပါသွား ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျေးရွာအုပ်စု(၄)အုပ်စုကနေပြီးတော့ ၂၀၀၅ ခုနှစ်မှာ သတ်မှတ် လိုက်တဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၄-၁၀-၂၀၀၅ ခုနှစ် ရက်စွဲနဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၀၅) နဲ့ ဘရုံကြိုးဝိုင်းအဖြစ် ကြေညာလိုက်တဲ့အထဲမှာ ကျွန်တော်တို့ မွန်းစအုပ်စုဆိုတဲ့ ကျေးရွာ အုပ်စုက မွန်းစရွာ၊ ကန်ချောင်းအုပ်စု ဆိုတဲ့အုပ်စုက ကန်ချောင်းရယ်၊ ပေလည်ရယ်၊ ငှက်ပျောကျင်း ဆိုတဲ့ ရွာ(၃)ရွာ၊ ခနွန်းမြောင်အုပ်စုကနေ ခနွန်းမြောင်ရယ်၊ မှန်ကင်းရယ်၊ ဇိမ့်ဆိုတဲ့ရွာ(၃)ရွာ။ နောက် ကုန်းဘို အုပ်စုက ကုန်းဘိုရယ်၊ ကုန်းသာရယ်၊ စမ်းအိုင်ရွာဆိုတဲ့ ရွာ(၁၀)ရွာက ဒီရွာတွေရောက်သွားပါတယ်။

အဲဒီမှာ လယ်မြေတွေရော၊ ယာမြေတွေရောဟာ နောက်သတ်မှတ်လိုက်တဲ့ သစ်တောဧရိယာ လို ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်သွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒေသခံတောင်သူ လယ်သမားတွေရဲ့ တင်ပြချက်အရ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ပြီးခဲ့တဲ့ နှစ် ၁၁-၁-၂၀၁၃ ရက်နေ့ စာအမှတ် ၁၃(၁)/၇/သမ္မတရုံး ညွှန်ကြားချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ နောက် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးအဖွဲ့တို့ ပူးပေါင်းပြီးတော့ ဒါတွေနဲ့ပတ်သက်လို့

မှန်ကန်တဲ့ စာရင်းဇယားတွေ ကောက်ယူပါဆိုတဲ့ ညွှန်ကြားချက်နဲ့ ဆင်းပြီးတော့ကောက်ပါတယ်။ အဲဒီလို စာရင်း ဆင်းကောက်လိုက်တဲ့အခါကျတော့မှ တကယ်ပဲ နဂိုကတည်းကိုက ကျွန်တော်တို့ ရွာတွေဖြစ်နေခဲ့တယ်။ နဂိုကတည်းကိုက ပြေစာပေါက် နေတဲ့ လယ်မြေတွေ၊ ယာမြေတွေဖြစ်နေခဲ့တယ်ဆိုတာ စာရင်းအရ ပေါ်ခဲ့ပါတယ်။

အဲဒီလိုပေါ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ရွာမြေ (၅၂၁.၁၀)ဧက၊ သာသနာနဲ့ အများပိုင်မြေ (၃၃.၇၃)ဧက၊ လယ်မြေ(၄၄၃၆.၆၂)ဧကနဲ့ စုစုပေါင်း(၄၉၉၁.၄၅)ဧကဟာ ဒါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ကနေပြီးတော့ ကြိုးဝိုင်းသစ်တောမြေကနေပြီးတော့ ပယ်ဖျက်ပေးလိုက်ပါတယ်။ အဲဒီလို ပယ်ဖျက်ပေးလိုက်တဲ့အထဲမှာ လယ်ယာမြေတွေကတော့ ပါသွားပေမယ်လို့ ယာမြေတွေ (၂၁၇၅၀.၈၁)ဧကရှိတဲ့ ယာမြေတွေက ဒီအတိုင်းကျန်ရှိနေပါတယ်။

အဲဒီတော့ ကျန်နေတဲ့အခါကျတော့ လယ်သမားတွေက စာရင်းကိုကောက်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော် နောက်ဆက်ပြီးတော့လည်း ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပါဝါပွိုင့်မှာလည်းပဲ ဆက်လက် ရှင်းလင်းတင်ပြပေးမှာဖြစ်ပါတယ်။ အဲဒီမှာ တကယ် ဆင်းကောက်လိုက်တဲ့အခါကျတော့ ကျွန်တော် မြေစာရင်းကနေပြီး ပုံစံဇယား(၁-၃)နဲ့ ဆင်းကောက်လိုက်တဲ့အခါမှာ ၁၉၁၃ နှစ် ကတည်းကိုက စတင်ပြီး လုပ်ကိုင်ဆောင်ရွက်နေတဲ့ လယ်မြေတွေနဲ့ ယာမြေတွေဖြစ်တယ်ဆိုတာ ဇယားမှာ အတိအလင်းပေါ်နေ ပါတယ်။ ယာမြေတွေလည်း အဲဒီထဲမှာပဲ ရှိမှာပါ။ အဲဒီတော့ နောက်ဆုံးအခြေအနေကျတော့ လယ်မြေကိုတော့ သစ်တောဧရိယာတွေကနေ ပယ်ပေးလိုက်ပေမယ်လို့ ဘာကကျန်နေသလဲဆိုရင် (၂၁၇၅၀.၈၁) ဧကသော ယာလုပ်ကိုင်စားသောက်နေတဲ့ ယာသမားတွေ ရဲ့ လယ်တွေကျတော့ သစ်တောထဲမှာပဲ ပါနေတယ်လို့ ဆက်ပြီးတော့ ရှိနေတဲ့အနေအထားမျိုးမှာ ရှိပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့လည်း အရင်တစ်လျှောက်လုံးက အခု ကျွန်တော်တို့ ဒီ ဥပဒေအရ ပြန်ကြည့်လိုက်တဲ့အခါမှာ ဒါကို ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့ အင်္ဂလိပ်လက်ထက်ကတည်းကိုက လယ်တွေ၊ ယာတွေဖြစ်နေခဲ့တယ်၊ မြေခွန်တွေ ပေးခဲ့တယ်။ အခုလက်ရှိ တည်ဆဲဖြစ်တဲ့ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရဲ့ မြေလွတ်၊ မြေလပ်၊ ဥပဒေအရရော၊ လယ်ယာမြေဥပဒေအရရောပဲ ဒါတွေက မြေလွတ်၊ မြေလပ်၊ မြေရိုင်းထဲမှာ မပါဘဲနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ လယ်မြေ၊ ယာမြေဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ပါနေတယ်တဲ့အခြေအနေ ရှိပါတယ်။ ဒါကြောင့်မို့ဖြစ်တာက ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ကျတော့ နဂိုကတည်းကစိုက်ပြီးတော့ နဂိုကတည်းက သီးနှံချေးငွေတွေနဲ့ ထောက်ပံ့ကြေးတွေ ရနေတဲ့ လယ်သမားတွေဟာ ပြီးခဲ့တဲ့ ၂၀၁၃ ကျတော့ ဘဏ်ချေးငွေသွားပြီးထုတ်တဲ့အခါမှာ ပုံစံ(၇) မပါလို့ ဘဏ်ချေးငွေမရတော့ဘူးဆိုတော့မှ သူတို့ ဘာသိလိုက်လဲဆိုတော့ သူတို့ အရင့်အရင်လုပ်နေတဲ့ သူတို့ ခုကျတော့မှ သူတို့လက်ထဲမှာအကုန်လုံး လက်လွှတ်ဆုံးရှုံးခဲ့ပါသကောဆိုတဲ့ အတွေးပေါ်လာတာဖြစ်ပါတယ်။ အခုကျတော့ ဘာမှလုပ်လို့မရဘူး ဖြစ်နေပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နောက်ဆုံး ညွှန်ကြားလာတာက သစ်တောကနေပြီးတော့လည်း ဒါတွေကဟာဆိုရင် (၁)ဧကကို သစ်ပင်(၁၅၀)၊ သစ်တောနဲ့ စိုက်ခင်းနဲ့ရောပြီး စိုက်ဖို့ဆိုတဲ့ ညွှန်ကြားချက်ထွက်လာတယ်လို့ လယ်သမားတချို့က၊ ယာသမားတချို့က ပြောပါတယ်။ သူတို့ ကလည်း ဘာခေါ်မလည်းဆိုရင် ဒီ(၁)ဧကမှာ အပင်ပေါင်း(၁၅၀)စိုက်လိုက်လျှင် သူတို့ စိုက်စားစရာ မကျန်တော့ဘူး။ အဲဒီအပြင် ပုံစံ(၇)လည်း ထုတ်လို့မရဘူးဆိုတဲ့ အခြေအနေမျိုးတွေ သူတို့တွေ့နေရ ပါတယ်။

အဲဒီထဲမှာ အဓိကအားနည်းချက်က ဘာတစ်ခု သွားတွေ့လည်းဆိုတော့ ဒီလို အခက်အခဲ ဖြစ်နေတဲ့ ယာသမားတွေက သက်ဆိုင်ရာ သစ်တောရေးရာဝန်ကြီးဌာန၊ ဦးစီးဌာနပဲဖြစ်စေ မြေစာရင်းနဲ့ပဲ ဖြစ်စေ သွားရောက်တွေ့ဆုံတဲ့အခါမှာ ဥပဒေနည်းလမ်းအရ ကျွန်တော်တို့ ဌာနတွေနဲ့ ဘယ်လိုချိတ်ဆက် ပြီးတော့ ဆောင်ရွက်ပါ၊ ဘယ်လိုတွေလျှောက်ထားပါ၊ ဒါဖြင့် ဘယ်လိုဘယ်လိုတော့ လုပ်လို့ရပါတယ်ဆိုတဲ့ ဥပဒေဘောင်ထဲက မှန်မှန်ကန်ကန် ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ ကူညီ လမ်းကြောင်းပြပေးတာ ကိုလည်းပဲ တောင်သူလယ်သမားတွေ ဒီနေ့ မရဘူးဖြစ်နေပါတယ်။ လယ်သမားတွေ၊ ယာသမားတွေက အခက်အခဲတွေဖြစ်နေတယ်၊ ရုံးတွေသွားလိုက်တဲ့အခါကျတော့လည်း ရုံးတွေက ထိထိရောက်ရောက် ဘယ်လိုလုပ်ရတယ်ဆိုတဲ့ ညှိနှိုင်းရိုင်းပင်းမှုတွေ မရှိတဲ့အခါကျတော့ လမ်းကြောင်းပျောက်နေပါတယ်။ အဲဒီလို ပျောက်နေတဲ့အပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ ကြားသိ နေရတဲ့အတိုင်းပဲ ဆန္ဒထုတ်ဖော်မှု၊ ဘာညာစသည်ဖြင့် ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အလေးအနက်ထားပြီး ကျွန်တော် ဒီနေ့ မေးခွန်းကို မေးတဲ့အခါမှာ မေးတာရဲ့ အဓိကအကြောင်းက အဲဒီလို လယ်တွေကို ပြန်ပေးပြီးတဲ့ နောက် ယာတွေ ကျန်နေခဲ့တဲ့ဟာကိုရော ဘယ်လို စီစဉ်ဆောင်ရွက်ပေးနိုင်မည်လဲ။ အဲဒီအပြင် တစ်ခါ ဘာထပ်ဖြစ်ပြန်လည်းဆိုတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်ကျတော့မှ ဘာထပ် လုပ်လိုက်ပြန်လည်းဆိုရင် ဘရုံကြိုးဝိုင်းရဲ့ ဘေးကကပ်လျက်ရွာတွေမှာ နောက်ထပ် သာစည်ကြိုးပြင် ကာကွယ်တောလို့ ထပ်ပြီး အဆိုပြုတယ်ဆိုတဲ့ဟာ ပေါ်လာပါတယ်။ အဆိုပြုကာကွယ်တောလို့ ပေါ်လာပါတယ်။ အဲဒီ အဆိုပြု ကာကွယ်တောထဲမှာလည်းပဲ ရွာ(၅)ရွာနဲ့ လယ်နဲ့ ယာမြေဧကပေါင်း (၅၂၁၀)ပါသွားတဲ့ အခြေအနေရှိပါတယ်။ အဲဒီရွာတွေကလည်း အခုအချိန်မှာ သူတို့ လုပ်ကိုင် စားသောက်ဖို့ရာအတွက် အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေရှိပါတယ်။

အခု ကျွန်တော်တို့ ဒီမှာ တင်ပြထားတဲ့ မြေပုံမှာဆိုရင် ပါဝါပွိုင့်မှာဆိုရင် ဆင်ပေါင်ဝဲမြို့နယ် ရဲ့ အခု ကျွန်တော် ရည်ညွှန်းပြီးတော့ ဖော်ပြနေတဲ့ အရောင်ဖော်ပြထားတဲ့ နေရာက ဧရိယာဖြစ်ပါတယ်။ အဲဒီ အပေါ်ပိုင်းမှာရှိတဲ့ အဲဒီမှာ အရောင်ခွဲပြီးဖော်ပြထားတာက အရင်ကတည်းကိုက အင်္ဂလိပ် လက်ထက်ကတည်းကိုက ရှိခဲ့တဲ့ ရှားစေဘိုကြိုးဝိုင်းနဲ့ မွန်းစကြိုးဝိုင်းဆိုတာ နဂိုကတည်းက ရှိတဲ့ ကြိုးဝိုင်းနှစ်ခု ဖြစ်ပါတယ်။ အခု ဘရုံကြိုးဝိုင်းဆိုတာက ၂၀၀၅ ခုနှစ်မှာ ထပ်ပြီးတော့ သတ်မှတ် လိုက်တဲ့ ဘရုံကြိုးဝိုင်းဖြစ်ပါတယ်။ အဲဒီ ဘရုံကြိုးဝိုင်းထဲမှာ ဖော်ပြထားတဲ့ စမ်းအိုင်တို့၊ ကုန်းသာတို့ စတဲ့ ရွာတွေနဲ့ အခု ကျွန်တော် ဖော်ပြထားတဲ့ လယ်တွေ၊ ယာတွေဟာ သစ်တောကြိုးဝိုင်းထဲကို ဝင်သွားတယ်လို့ သတ်မှတ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သမ္မတရုံးရဲ့ ညွှန်ကြားချက်အရ တကယ် စစ်လိုက်တဲ့အခါမှာ အဲဒီမှာ တွေ့တဲ့အတိုင်းပါပဲ။ ဒီသစ်တောနယ်မြေအတွင်းထဲမှာ နှစ်ကာလ ကြာရှည်စွာ ဝင်ရောက်လုပ်ကိုင်နေသူများရဲ့ စာရင်းဆိုပြီးတော့ အိမ်ခြေ(၅၀)နဲ့အထက် စာရင်းဇယား (၁-၃)ကို ကောက်လိုက်တဲ့အခါမှာ တရားဝင်ဌာနက ကောက်ထားတဲ့ စာရင်းအရကိုပဲ ကျွန်တော် အရောင်လေး ဖော်ပြထားပါတယ်။ အဲဒီမှာ ပါပါတယ်။ စတင်ပြီးတော့လုပ်ကိုင်တဲ့ ခုနှစ်လို့ဖော်ပြတဲ့ အခါမှာ အဲဒီ လယ်တွေ၊ ယာတွေအကုန်လုံးဟာ ၁၉၁၃ ခုနှစ်ကတည်းကိုက စတင်လုပ်ကိုင်နေတယ်လို့ ကျွန်တော် မှတ်တမ်းတွေမှာလည်း ပေါ်နေပြီ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တောင်သူလယ်သမားများဆီက

ရနိုင်သလောက်စုတဲ့အခါမှာ ကျွန်တော်တို့ မြေခွန်ပြေစာဟာ စောစောတုန်း ၁၉၄၇ - ၁၉၄၈ ခုနှစ်က ပထမအပေါ်က ဒုတိယမြေခွန်၊ လွတ်လပ်ရေးမရခင် ၁၉၄၇ - ၁၉၄၈ ကတည်းက ထမ်းဆောင်ခဲ့တဲ့ မြေခွန်ပြေစာအဟောင်းဖြစ်ပါတယ်။

ဒုတိယညာဘက်ကဟာကတော့ ၆၃-၆၄ တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးတဲ့နောက် ပေးထားတဲ့ မြေခွန်ပြေစာဖြစ်ပါတယ်။ အခုနောက်ဆုံးကတော့ ပြီးခဲ့တဲ့ ၂၀၀၅-၂၀၀၆ ထိ ဒါ လယ်မြေ၊ ယာမြေများအဖြစ် တောင်သူလယ်သမားများ အခွန်ထမ်းဆောင်နေတယ်ဆိုတာကို ကျွန်တော် တင်ပြချင်ပါတယ်။ တခြားမြေခွန်ပြေစာ အမြောက်အမြားလည်း တချို့ သိမ်းဆည်းထားတဲ့ လယ်သမားရဲ့ လက်ဝယ်တွေမှာ တစ်ဦးဆီမှာ အတော်တော်များများ ရှိပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ကြည့်တဲ့အခါမှာ အခု ကုန်းဘိုဆိုတဲ့ ရွာရဲ့ပတ်ဝန်းကျင်မှာ အခု သစ်တောဧရိယာလို့ သတ်မှတ်လိုက်တဲ့ ဘရုံကြိုးဝိုင်းရဲ့ နေရာတွေကို Google ကနေ ပြန်ကြည့်လိုက်တဲ့အခါမှာ သစ်တော၊ သစ်ပင်ဆိုတာ အခုပုံမှာ တွေ့ရတဲ့အတိုင်းပါပဲ။ ဘယ်တုန်းကမှ သစ်တောဆိုတဲ့ အနေအထား၊ သစ်ပင်ဆိုတဲ့အနေအထား မရှိဘဲနဲ့ အများစုက အဲဒီမှာ ရွာတွေနဲ့ လယ်မြေ၊ ယာမြေတွေပဲ ရှိတယ်ဆိုတာ Google ပုံမှာ မြင်သာထင်ရှားတဲ့ အနေအထား ရှိပါတယ်။ ပုံတွေအရ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကန်သင်း စိတ်စိတ်သေးသေးတွေက လယ်မြေကွက်တွေဖြစ်ပြီးတော့၊ ကန်သင်းနည်းနည်းကျယ်တဲ့ အကွက်တွေက ယာမြေအကွက်တွေ ဖြစ်ပါတယ်။

အဲဒီနေရာတွေက အခုလက်ရှိလည်း လယ်တွေ၊ ယာတွေပဲရှိပြီးတော့ သစ်တောဧရိယာတွေမရှိဘူးဆိုတဲ့အတွက်အကြောင့်မို့ ကျွန်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကို တင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ နောက်ထပ် ကျွန်တော်တို့ အဆိုပြုကာကွယ်တောဆိုပြီးတော့၊ သာစည်ကာကွယ်တောဆိုပြီးတော့ နောက်ထပ် ထပ်ပြီးတော့ ၂၀၁၃ ခုနှစ် ကဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့ အဝိုင်းလေးတွေ အနီလေးဝိုင်းပြတဲ့ အင်ပင်လှဆိုတဲ့ရွာ၊ မင်းကန်ဆိုတဲ့ရွာ၊ ဖိုလ်လေးလုံး ဆိုတဲ့ရွာနဲ့ အဲဒီကျွန်တော်တို့ သာစည်ဆိုတဲ့ရွာတွေမှာလည်း အဲဒီ ဖော်ပြထားတဲ့ နေရာတွေရဲ့ ရွာတွေကလည်း ကာကွယ်တောလို့ သတ်မှတ်လိုက်ပြီးတော့ အဲဒီထဲမှာရှိတဲ့ လယ်တွေ၊ ယာတွေလည်း အခု ကာကွယ်တောထဲမှာ ပါနေတယ်ဆိုတဲ့ စိုးရိမ်ကြောင့်ကြမှု ဒီနေ့ ရင်ဆိုင်နေရတဲ့ အခြေအနေ ရှိပါတယ်။

အဲဒီတော့ အဲဒါက ကျွန်တော်တို့ ဘရုံကြိုးဝိုင်းထဲမှာရှိတဲ့ မှန်ကင်းဆိုတဲ့ ရွာရဲ့ တည်နေရာကို Google ကနေပြီးတော့ ဖော်ထားတာ ဖြစ်ပါတယ်။ အဲဒီလို မှန်ကင်းရွာကို အဓိက ကျွန်တော် ဘာကြောင့်ဝိုင်းပြီးတော့ ဖော်ပြတာလည်းဆိုတော့ တောင်သူလယ်သမားတွေရဲ့ သူတို့ ဒီကနေ့ ယာလုပ်ဖို့ရာမှာ၊ လယ်လုပ်ဖို့ရာမှာ အထူးသဖြင့် လယ်တွေက ပြန်ပေးထားပြီး အဲဒီမှာ ကျွန်တော်တို့ မြင်နေရတဲ့ မြေကွက်တွေက အကွက်ကျယ်တွေဟာဆိုရင် ယာကွက်တွေဖြစ်ပါတယ်။ အဲဒီလို သောင်းနဲ့ချီတဲ့ ယာကွက်တွေရှိနေတဲ့ အလုပ်လုပ်နေတဲ့လယ်သမားတွေက ဒီနေ့သူတို့ ဘယ်လိုလုပ်ရမလဲဆိုတာ မသိနိုင်လောက်အောင် လမ်းစပျောက်ပြီးတော့ ဆောက်တည်ရာမဲ့နေတဲ့အချိန်မှာပဲ အဲဒီ မှန်ကင်းရွာရဲ့ အနီးမှာ ကျွန်တော်တို့ သစ်တောဧရိယာထဲမှာပဲ PTTEP ကုမ္ပဏီက ရေနံတူးဖော်ရေးလုပ်ငန်းကို တော်တော်ကို ခိုင်ခိုင်မာမာ၊ ကြီးကြီးမားမား လုပ်နေတာကို ရွာသူရွာသားတွေက တွေ့နေရပါတယ်။


အဲဒါဟာ ကျွန်တော်တို့ အဲဒီ PTTEP ကုမ္ပဏီက အဲဒီနေရာမှာ တောင်သူလယ်သမား တွေသာ ယာနဲ့လယ်လုပ်ဖို့ အခက်အခဲဖြစ်နေပေမယ်လို့ အဲဒီ သစ်တောဧရိယာအတွင်းထဲမှာ ရေနံတူးဖော်ရေး

လုပ်ငန်းက ဒါ အဆောက်အဦတွေ ဖြစ်ပါတယ်။ အဲဒီမှာ တားမြစ်နယ်မြေ ဖြတ်သန်းသွားလာခြင်း မပြုရ ဆိုပြီး အဲဒီ နယ်တွေဟာ အရင်တုန်းက တောင်သူလယ်သမားတွေ ရှိခဲ့တဲ့ နယ်မြေတွေပဲဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လုပ်ငန်းတွေက ဘယ်လောက်ထိ ကြီးကြီးကျယ်ကျယ်လုပ်နေသလဲ ဆိုတာ တွေ့နိုင်ပါတယ်။ အဲဒီလုပ်ငန်းထဲမှာရှိတဲ့ လုပ်ငန်းတွေနဲ့ အဆောက်အဦတွေဖြစ်ပါတယ်။


အဲဒီတော့ ကျွန်တော်တို့ အခြေခံရှိတဲ့ ကျေးလက်ဒေသမှာရှိတဲ့ တောင်သူလယ်သမားများ ဟာ သူတို့ ဘိုးစဥ်ဘောင်ဆက်နေပြီးတော့ သူတို့ကိုယ်တိုင် ဒီပေါ်မှာ ရပ်တည်ပြီးတော့ဘဝကို ရှင်သန် ရပ်တည်လာခဲ့တဲ့ အနေအထားကနေပြီးတော့ သူတို့ကိုယ်တိုင်အတွက်ကို လက်မဲ့ဖြစ်လာရတဲ့ အနေအထားမျိုးမှာ အဲဒီနေရာမှာပဲ ဒီလိုလုပ်ငန်းရပ်မျိုးတွေတော့ အောင်အောင်မြင်မြင် ဆောင်ရွက် နေတဲ့အခါမှာ တောင်သူလယ်သမားတွေအတွက်လည်း ခံစားချက်တွေအများကြီး ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် မေးမြန်းချင်တဲ့ မေးခွန်း(၄)ခုရှိပါတယ်။

(၁) ဘရုံကြိုးဝိုင်းအတွင်း သတ်မှတ်ရာနယ်မြေအတွင်းမှာ ယာမြေများကိုလည်းပဲ လယ်မြေနှင့် ရွာမြေများနည်းတူ ပယ်ဖျက်ပေးရန် အစီအစဥ် ရှိ/မရှိ။ (၂) သာစည်ကြိုးပြင် ကာကွယ်တောလို့ သတ်မှတ်ထားတဲ့ရွာများမှာ ပါဝင်သွားတဲ့ လယ်/ယာမြေများနဲ့ ကျွန်တော် ရွာတွေကိုလည်းပဲ အဲဒီ ကာကွယ်တော ဧရိယာထဲက ပယ်ဖျက်ပေးရန် အစီအစဥ် ရှိ/မရှိ။ (၃) ဒေသခံ တောင်သူလယ်သမား များရဲ့ အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် လယ်ယာများကို တရားဝင် ဆက်လက်လုပ်ကိုင်ရန် မည်ကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးမည်၊ တောင်သူလယ်သမားများ အနေဖြင့်လည်း မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိလိုပါကြောင်းနဲ့ (၄) မည်သည့်အစီအစဥ်နဲ့ PTTEP ရေနံကုမ္ပဏီက ဝင်ရောက် ဆောင်ရွက်ခွင့် ရရှိနေသည်တို့ကို ဒေသခံ တောင်သူလယ်သမားများရဲ့ အကျိုးငှာ လေးစားစွာ မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ကုန်းဘိုရွာ ဘရုံကြိုးဝိုင်းအား ရိုက်ကူးထားသော မြင်ကွင်းပုံ (ဆ)



၁၉၄၇-၄၈ မြေခွန်ပြေစာနှင့် ၁၉၆၃-၆၄ မြေခွန်မြေခွန်ပြေစာများပုံ (ဆ-၁)


မြေခွန်တော်ပြေစာ။ ၁၉ -၁၉ ခုနှစ်။

G.B.C.P.O.—No 28, C.S. L.R., 28-8-46—4,842,400—A.


မြေခွန်တော်ပြေစာ။ ၁၉၆၃ -၁၉၆၄ ခုနှစ်။

PTTEP ရေနံကုမ္ပဏီ (မှန်ကင်းရွာအနီး) မြင်ကွင်းပုံ (ဆ-၂)



**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၇။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက် ရဲ့ မေးမြန်းချက်အပေါ် မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍမှာ ဒေသတွင်းအာဆီယံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပိုမိုရင်းနှီးချစ်ခင်စွာ ကဏ္ဍစုံ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ ဒီထဲမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်-မေတ္တာ-မင်းသမီးတောင်ကြား (ထီးခီး) လမ်းဟာ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အဓိကကုန်သွယ်မယ့် လမ်းတစ်ခုဖြစ်သည့်အပြင် မဟာမဲခေါင်စီးပွားရေး စင်္ကြံလမ်းမကြီးရဲ့ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ဝန်ကြီးဌာနက နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီးဖြစ်လာတဲ့အတွက် လမ်းနယ်နိမိတ် အကျယ်(၂၃)ပေထားရှိပြီး လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း များကို အာဆီယံ သတ်မှတ်စံနှုန်းများနှင့်အညီ တိုးချဲ့မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း ယခင်က (၁၂)ပေအကျယ် ကတ္တရာလမ်းမှ (၁၈)ပေအကျယ် ကတ္တရာလမ်းအထိ အကျယ်ချဲ့ရန် လမ်းသားအကျယ် ပေ(၄၀) ရရှိဖို့အတွက် ကျွန်တော်တို့ စီမံကိန်းတွေ ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းကျဉ်းတဲ့ နေရာများနဲ့ မျက်ကွယ်လမ်းကွေ့နေရာများမှာ လမ်းအဖြောင့် ဖောက်လုပ်ခြင်း၊ ကျောက်တောင်များ အားမိုင်းခွဲ၍ လမ်းချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ထွက်ရှိလာတဲ့ကျောက်တောင်များမှ ကျောက်များကို အသုံးပြုကာ လမ်းများတိုးချဲ့အဆင့်မြှင့်ခြင်း စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါတယ်။

သဘာဝကျောက်တောင်များကို ပျက်စီးမှုနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး မိုင်းခွဲသည့်အခါ ကျောက်အချို့မှာ မတ်ဆောက်သည့် ပထဝီဝင်အခြေအနေအရ ချောင်းအတွင်း ကျရောက်မှုရှိခဲ့သော်လည်း ချောင်းကောပျက်သည်အထိ ဖြစ်ပေါ်ခြင်းမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးအောင်လည်း တာဝန်ရှိသူအဆင့်ဆင့်နှင့် ဒေသတာဝန်ရှိသူများက စုပေါင်းကြီးကြပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ လက်ရှိအခြေအနေမှာ လုပ်ငန်းဆောင်ရွက်မှုကြောင့် မြက်ကွင်းပသာဒ အလှအပကို အနည်းနှင့်အများ အနှောင့်အယှက်ဖြစ်စေနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ကြီးမားစွာ ထိခိုက်စေနိုင်မှုများကို ရှောင်ရှားနိုင်ရန်နှင့် အနည်းဆုံးဖြစ်စေရန်ကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်မြို့နယ်၊ မေတ္တာမြို့မှာ အမှတ်(၂)သတ္တုတွင်း လုပ်ငန်းနှင့် မြန်မာပွန်ပီယက်ကုမ္ပဏီတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၁)ရက်မှစ၍ ခဲမဖြူ အဖြိုက်နက် အကြီးစားထုတ်လုပ်သည့် မြေဧရိယာ(၂၁၁၀)ဧကမှာ ဟိန္ဒား သတ္တုတွင်း၊ နောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနဲ့ အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီသို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ စနစ်ဖြင့် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်မှ စတင်၍ အဖြိုက်နက် နှင့် ရောရာသတ္တု အသေးစားထုတ်လုပ်သည့် မြေဧရိယာ(၄၉)ဧကစီပါရှိသည့် (B-4) လုပ်ကွက်နှင့် ရေပူတောင်လုပ်ကွက်တည်ရှိသည့် ဘဝပင်သတ္တုတွင်းသို့ တူးဖော်လျက်ရှိပါတယ်။

ဖော်ပြပါ သတ္တုတွင်းနဲ့ လုပ်ကွက်ဧရိယာများဟာ သစ်တောမြေများအတွင်းမှာ ကျရောက် ခြင်းမရှိသော်လည်း သစ်တောဥပဒေပုဒ်မ ၁၂(က)အရ သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ အစိုးရက စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော မြေအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင် ဆောင်ရွက်လိုလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားရှိတဲ့အတွက် အဲဒီအပေါ်မှာ လည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ သတ္တုတူးဖော်ထုတ်လုပ်နေတဲ့ ကုမ္ပဏီများကို ပတ်ဝန်းကျင် ထိခိုက်မှုလျှော့နည်းနိုင်ရေးအတွက် လုပ်ငန်းခွင်မှ ထွက်ရှိလာတဲ့ မြေစာစွန့်ပစ်ရာမှာ မြစ်ချောင်းများ အတွင်း မကျရောက်စေရန်နဲ့ သတ်မှတ်ပေးထားတဲ့ စုပုံနေရာ (Dumping Site) များ၌ စနစ်တကျ စုပုံထားရှိ စေခြင်း၊ ထွက်ရှိလာသော စွန့်ပစ်ရေများမှ တိုက်ရိုက်မထုတ်လွှတ်ဘဲ တည်ဆောက်ထားသည့် နုန်းစုကန် (Detention Pond) နဲ့ စွန့်ပစ်ကန် (Tailing Pond) များမှာ အဆင့်ဆင့်ဖြတ်သန်းပြီးမှ ထုတ်လွှတ်စေခြင်း၊ (Return water Dam)များ တည်ဆောက်၍ စွန့်ပစ်ရေအား ပြန်လည် အသုံးပြုသည့်စနစ်ဖြင့် ဆောင်ရွက်စေခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းပတ်ဝန်းကျင် တစ်လျှောက် ရှင်းလင်းခြင်း၊ တမံများ ကြံ့ခိုင်မှုများ ဆောင်ရွက်ပေးခြင်းများကို ကြီးကြပ်ဆောင်ရွက် လျက်ပါတယ်။

သတ္တုတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများအား တူးဖော်ပြီးသော ကျင်းများ၊ ချိုင့်များ၊ ကလိုက်ဂ် များကို စွန့်ပစ်မြေစာများ၊ အပေါ်ယံမြေဆီများ ပြန်လည်ဖုံးအုပ်၍ ဒေသနဲ့ကိုက်ညီတဲ့ နှစ်ရှည်ပင်များ၊ အရိပ်ရပင်များကို ပြန်လည်စိုက်ပျိုးစေခြင်းဖြင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကြပ်မတ် ဆောင်ရွက် လျက် ရှိပါတယ်။ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးဥယျာဉ်များ ထူထောင်စေခြင်းကိုလည်း ထည့်သွင်း ဆောင်ရွက်လျက်ရှိပါတယ်။ တူးဖော်ပြီးစီးပါက တူးဖော်မှုလမ်းကြောင်း (Bench Cut) များ၌ ကုမ္ပဏီ စရိတ်ဖြင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးကိုလည်း ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများမစတင်မီ ကုမ္ပဏီ၊ အဖွဲ့အစည်းများအား သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ချက် (Environmental Impact Assessment)၊ နောက် လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက် (Social Impact Assessment - SIA)၊ ကျန်းမာရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက် (HIA) တင်ပြဆောင်ရွက် လျက် ရှိပါတယ်။ အကဲဖြတ်ဆန်းစစ်ချက်များအရ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental

Management Plan) များကိုလည်း ယခုအခါ ရေးဆွဲလိုက်နာ အကောင်အထည်ဖော်ဖို့ ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

သတ္တုတွင်းလုပ်ကွက်များ ပိတ်သိမ်းမှုများအတွက် သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ် (Mine Closure Plan) တို့ကို ရေးဆွဲတင်ပြစေလျက်ရှိပြီး သတ္တုတွင်းပိတ်သိမ်းပြီးပါက မြေနေရာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း စသည့် ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့ရဲ့ ထောက်ခံအတည်ပြုချက် သဘောထားရယူပြီး ပိတ်သိမ်းခွင့်ပြုလျက်ရှိပါတယ်။ ဒီအပြင်ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုအမျိုးမျိုး စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်လုပ်ငန်း ဆောင်ရွက်ခြင်းများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ညှိနှိုင်းလာပါက သက်ဆိုင်ရာနယ်မြေများသို့ ကွင်းဆင်းစစ်ဆေးပြီး စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

အဆိုပြုလျှောက်ထားတဲ့ ဧရိယာ တောနိမ့်၊ တောပျက်ဖြစ်ခြင်း၊ သစ်ထုတ်ဧရိယာ နှင့် စိုက်ခင်းဇုံများ ကျရောက်မှုမရှိခြင်း၊ သစ်တောစိုက်ခင်းနှင့် နိုင်ငံတော် စီးပွားရေး စီမံကိန်းများ လွတ်ကင်းမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်ရှည်မြေငှားရမ်းစာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်ပါတယ်။ စာချုပ်ပါစည်းကမ်းချက်များအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး အတွက် သတ္တုတူးဖော်မှုကြောင့် ကျင်း၊ ချိုင့်များ ဖြစ်ပေါ်ပါက ၎င်းနေရာတွင် ပြန်လည်မြေဖို့ပေးရန်၊ သတ္တုတူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်းဖြစ်စေ၊ ဧရိယာပြင်ပတွင်ဖြစ်စေ သစ်ပင်ခုတ်လှဲခြင်း မပြုရန်၊ မလွှဲမရှောင်သာ၍ ခုတ်လှဲရန်လိုအပ်ပါက သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်၊ ခုတ်လှဲပြီးသည့်နေရာတွင် သစ်တောစိုက်ခင်းများ တည်ထောင်ပေးရန် သို့မဟုတ် စိုက်ခင်း တည်ထောင်စရိတ်ကျခံရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု မရှိစေရေးအတွက် လုပ်ကိုင်ခွင့်ရသူက ဆောင်ရွက်ပေးရန် သတ္တုတူးဖော်မှုကြောင့် ထိခိုက်ပျက်စီးသည့် အပင်များအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် လျော်ကြေးငွေများပေးချေရန် စတဲ့ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လုပ်ကိုင်ခွင့်ရရှိခဲ့တဲ့ ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေနဲ့ သတ္တုစမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းများအပေါ် အဆင့်ဆင့်ကြပ်မတ်ပြီးတော့မှ စာချုပ်စာတမ်းပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိခဲ့ရင် လုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းခြင်း၊ စာချုပ်ကို ပယ်ဖျက်ခြင်းကိုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ညှိနှိုင်းသဘောထား တောင်းခံချက်အရ သတ္တုအမျိုးမျိုး စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ လက်ရှိအချိန်မှာ ရွှေသတ္တုအမျိုးမျိုး စမ်းသပ်တိုင်းတာခြင်းနဲ့ တူးဖော်ထုတ်လုပ်ခြင်းအတွက် ကုမ္ပဏီ၊ လုပ်ငန်းရှင်(၂၀၁)ဦးအတွက် ဧရိယာ(၃၂၇၁၄)ဧက ခွင့်ပြုထားပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မှာတော့ ကုမ္ပဏီ၊ လုပ်ငန်းရှင်(၅)ဦးအတွက် ဧရိယာ(၆၅၀)ဧကကိုသာ ခွင့်ပြုထားရှိကြောင်း စိစစ်တင်ပြအပ်ပါတယ်။

ဒီအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၆၊ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များ ပုဒ်မ (စ) မှာ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ ထိခိုက် ပျက်စီး

နိုင်သော အခြေအနေများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား တားမြစ်ခြင်း၊ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒတောင်းခံခြင်း ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ဒုတိယသမ္မတဦးဆောင်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများ ပါဝင်တဲ့ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ အစည်းအဝေးများကိုလည်း ကျင်းပပြီး ဒုတိယသမ္မတကိုယ်တိုင် ဆွေးနွေးမှာကြားကာ ဆုံးဖြတ်ချက်များချမှတ်ခဲ့ပါတယ်။

ဒီဆုံးဖြတ်ချက်များကတော့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် အတွင်း သယံဇာတများကို တရားမဝင်တူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းများအပါအဝင် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမှု၊ ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သော လုပ်ငန်းများအား ထိရောက်စွာ တားဆီးကာကွယ်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စစ်ဆေးကြပ်မတ်ရန် နည်းလမ်းများဆိုင်ရာ အချက် (၂၄)ချက်ပါဝင်တဲ့ လမ်းညွှန်ချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နေ့စွဲပါစာအမှတ် ၁/ပတ်ဝန်းကျင်/ကော်မတီ (၃/၂၀၁၄) နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကို ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။

အဆိုပါ ညွှန်ကြားချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများအနေနဲ့ သက်ဆိုင်ရာ နယ်မြေများအတွင်း တရားဝင်ဆောင်ရွက်နေသောလုပ်ငန်းများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေသော လုပ်ငန်းများအား တားဆီးအရေးယူခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြားအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။။

သို့ဖြစ်ပါ၍ ဘဝပင်ချောင်းဝန်းကျင်ရှိ သတ္တုတူးဖော်ဆောင်ရွက်နေသည့် လုပ်ကွက်များကို သတ္တုတူးဖော်မှုမှ ထွက်လာသည့် စွန့်ပစ်ရေများအား ချောင်းအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှုမရှိစေရေး၊ နှုန်းစစ်ကန်များဖြင့် အဆင့်ဆင့်စစ်ထုတ်ပြီး ဘဝပင်ချောင်းသို့ ရေစီးရေလာကောင်းစေရေး အတွက် ချောင်းအတွင်းစွန့်ပစ်ခြင်းအား သတ္တုတွင်းဝန်ကြီးဌာနနဲ့ ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းနဲ့ မိုင်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ပြုန်းတီးသွားသော နေရာများမှာ သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း၊ မြောင်းပြိုချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တူးမြောင်းသဖွယ်တူးဖောက်သွားရန် ဟိန္ဒားသတ္တုတွင်းမိုင်းအား ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ မြန်မာပွန်ပီပက်ကုမ္ပဏီမှ ဆောင်ရွက်သွားရန် သတ္တုတွင်းဝန်ကြီးဌာနမှလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်ရာ အစီအမံများကိုလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ရဲ့ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဘရုံကြိုးဝိုင်းကို သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၃၅/၂၀၀၅) အရ ဧရိယာအကျယ်အဝန်း (၃၅၀၀၀) ဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ ပါတယ်။ တောင်တွင်းကြီးမြို့နယ်မှာ ဆည်ရေသောက်လယ် (၁၀၃၂၀) ဧကကို စိုက်ပျိုးရေပေးဝေနေတဲ့ ရန်ပယ် ရေလှောင်တမံရဲ့ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းကာကွယ်ပြီး ကြိုးဝိုင်းအဖြစ် နဲ့ သတ်မှတ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကြိုးဝိုင်းစတင်ဖွဲ့စည်းစဉ်ကပင် မွန်းစကျေးရွာ၊ ခနုံးမြောင်ကျေးရွာ၊ မှန်ကင်းကျေးရွာ၊ စိမ့်ကျေးရွာ၊ ကုန်းဘိုကျေးရွာ၊ ကုန်းသာယာကျေးရွာ နှင့် ဇမ်းဆိုင်ကျေးရွာမှ တောင်သူ (၉၉)ဦးအား လယ်နှင့် ယာ (၉၀၈၂.၆၂) ဧကကို ဆိုင်ရာဆိုင်ခွင့် ပေးခဲ့ပြီး သီးနှံများ စိုက်ပျိုးခွင့်ပြုခဲ့ ပါတယ်။

၂၀၁၃ ခုနှစ်တွင် ဘရုံကြိုးဝိုင်းအတွင်း ကောက်ယူရရှိသော စာရင်းများအရ နှစ်ကာလ အတန်ကြာ ကျူးကျော်အခြေချနေထိုင်ခဲ့သည့် စမ်းအိုင်၊ ကုန်းသာ၊ ကုန်းဘို၊ ခနုံးမြောင်၊ မှန်ကင်း၊ ဇိမ့်၊ မွန်းစ၊ ငှက်ပျောကျင်း၊ ကန်ချောင်း၊ ပေလည် ကျေးရွာ(၁၀)ရွာရဲ့ ရွာမြေ၊ လယ်မြေနဲ့ အများပိုင် သာသနာ့မြေ (၄၉၉၁.၄၅) ဧကကို ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါစာ ကြော်ငြာစာအမှတ် (၂၀၃/၂၀၁၃) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ ပါတယ်။

ကြိုးဝိုင်းတောမြေမဖွဲ့စည်းမီက ယာမြေ (၇၀၂၈.၄၃) ဧကသာ ရှိပါတယ်။ ကြိုးဝိုင်းတော ဖွဲ့စည်းပြီးမှ ကျူးကျော်စာရင်း ကောက်ယူရရှိခဲ့တဲ့စာရင်းမှာ (၂၁၇၅၀.၈၁) ဧက အထိ တိုးချဲ့လာတာ ကို တွေ့ရှိရပါတယ်။ ကျူးကျော်ယာမြေများအား သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူ အစိုးရပိုင်သစ်တော တည်ထောင်၍ နှစ်(၃၀) လုပ်ကိုင်ခွင့်ကိုလည်း ခွင့်ပြုထားပါတယ်။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖြစ် တည်ထောင်ဆောင်ရွက်ခွင့်ပြုခြင်းဖြင့် ဒေသခံ တောင်သူများရဲ့ ထင်းလိုအပ်ချက် အပါအဝင် သစ်၊ တိုင်၊ မျော လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေး နိုင်မှာ ဖြစ်သလို သစ်တောသစ်ပင်များကြောင့် စိမ်းလန်းစိုပြည်၍ မြေနှင့်ရေတိုက်စားမှုကို ကာကွယ်ပေးနိုင်သဖြင့် အပေါ်ယံမြေဆီလွှာတိုက်စားပြုန်းတီးမှုကို သက်သာစေခြင်း၊ သဲနုန်းပို့ချမှုကို လျော့နည်းစေခြင်း၊ အပူပိုင်း ဒေသဖြစ်တဲ့အတွက် နောင်အနာဂတ်မှာ သဲကန္တာရဖြစ်ထွန်းမှုကို တားဆီးကာကွယ်နိုင်ခြင်း၊ ရေငွေ့ပျံမှု နည်းပါးစေခြင်း၊ မြေအောက်ရေ သိုလှောင်နိုင်မှုပမာဏနှင့် ရေ အရည်အသွေး ထိန်းသိမ်းထားနိုင်ခြင်း၊ ဒေသ၏ရာသီဥတုညီညွတ်မျှတ၍ လူ၊ တိရစ္ဆာန်၊ သတ္တဝါ အားလုံးအတွက် ဘဝရပ်တည်ရေးနှင့် သီးနှံ အထွက်နှုန်း တိုးတက်ရေးအတွက် အထောက်အကူ ပြုစေခြင်း စတဲ့ လက်ရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်တင်နိုင်ရေးအတွက် သာမက အနာဂတ်မျိုးဆက်အတွက် ရေရှည်အကျိုး မျှော်ကိုးပြီး တော့မှ ယာမြေများမှာ လုပ်ကိုင်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။

သို့သော်လည်း ယင်းဧရိယာသည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်သည့်အတွက် အခြားမြေအသုံးချမှု အဖြစ်ပြောင်းလဲသုံးစွဲပါက မလိုလားအပ်တဲ့ ကွင်းဆက်ပြဿနာများ ဖြစ်ပေါ်လာ နိုင်ခြင်းကြောင့် ဥပဒေအရ ကာကွယ်ထားခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒေသခံပြည်သူ အစိုးရပိုင် သစ်တောတည်ထောင်ခြင်းသည် ဒေသခံတောင်သူများမှ အခွန်အခပေးရန်မလိုဘဲ သီးနှံ

သစ်တောရောနှော စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးလိုသည့် သစ်မျိုးကို ဌာနမှအခမဲ့ ဖြန့်ဝေပေးခြင်း ဖြစ်သည့်အပြင် စိုက်ပျိုး၍ ထွက်ရှိလာတဲ့ သီးနှံနှင့် သစ်တောသစ်ပင်များရဲ့ အကျိုးကျေးဇူးများကို ဒေသခံ ရွာသူ ရွာသားများကပင် ခံစားရရှိမှာ ဖြစ်ပါတယ်။

သီးနှံသစ်တောရောနှောစနစ်ကို အခြေခံသည့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း လုပ်ငန်းကို ဘရုံကြိုးဝိုင်းအတွင်းမှာရှိ ဒေသခံတောင်သူများ၏ ယာမြေများတွင်သာ ဆောင်ရွက်ခြင်း မဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်တောမြေအတွင်းရှိ ကျူးကျော်ယာမြေများ အားလုံး အတွက် စီစဉ်ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးမည့် အစီအစဉ်ကိုလည်း နိုင်ငံပိုင် သတင်းစာများမှတစ်ဆင့် အတိအလင်း ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လယ်မြေဧက တစ်သောင်းကျော်ကို အကျိုးပြုလျက်ရှိတဲ့ ရေလှောင်တမံရဲ့ ရေဝေ ရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်ထားတဲ့ ဘရုံကြိုးဝိုင်းအတွင်းမှာရှိတဲ့ ယာမြေများကို ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ် ပါတယ်။

သာစည်ကြိုးပြင်ကာကွယ်တောကို ကျွန်တော်တို့ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၁) ဖြင့် ဧရိယာအကျယ်အဝန်း (၁၃၁၀၃) ဧကကို သတ်မှတ်တည်ထောင်ခဲ့ပါတယ်။ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းစဉ်က ဆိုင်ရာဆိုင်ခွင့်ဖြင့် ကိုးပင်ရွာ၊ ညောင်ပင်ရွာ၊ ဖိုစွတ်ရွာ၊ စဈေးချောင်းရွာ၊ အင်ပင်လှရွာနှင့် သာစည်ရွာနေ တောင်သူ (၂၃၂)ဦးအတွက် လယ်နဲ့ယာ (၁၃၂၃.၅၀) ကို ထပ်မံတိုးချဲ့လုပ်ကိုင်ခြင်းမရှိစေဘဲ ခွင့်ပြု ဆောင်ရွက်ခဲ့ ပါတယ်။

၂၀၁၃ ခုနှစ် သာစည်ကြိုးပြင်ကာကွယ်တောအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော် အခြေချနေထိုင်သည့် အိမ်စု၊ ရွာစု စာရင်းများကောက်ယူခဲ့ရာမှာ အိမ်ခြေ(၅၀)နှင့် အထက်ကျေးရွာ (၁)ရွာ၊ ရွာမြေ၊ လယ်မြေ၊ အများပိုင်၊ သာသနာမြေ၊ ယာမြေစုစုပေါင်း (၁၃၃၃.၅) ဧကရှိပြီး ရွာမြေ၊ လယ်မြေ နဲ့ အများပိုင်သာသနာမြေ (၂၁၀.၅) ဧကကို ၁၅-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယာမြေ (၁၁၂၂) ဧကကို သီးနှံသစ်တောရောနှော စိုက်ပျိုးသည့် အခြေခံ စနစ်ကိုကျင့်သုံးသည့် ဒေသခံ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုလျက် ရှိပါတယ်။

အိမ်ခြေ(၅၀) အောက် ကျေးရွာ(၁၀)ရွာရဲ့ လယ်မြေ၊ ရွာမြေ၊ယာမြေ (၇၇၂၅.၈၀) ဧကအနက် ရွာမြေလယ်မြေ (၇၃၀.၇၃) ဧကကို အဆင့်လိုက် ပယ်ဖျက်ပေးနိုင်ရေးကိုလည်း စီစဉ် ဆောင်ရွက်လျက် ရှိပါတယ်။ ယာမြေ(၆၉၉၅)ဧကကိုတော့ သီးနှံရောနှောသစ်တော စိုက်ခင်း ထူထောင်ခြင်းဖြင့် ဒေသ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါ ယာမြေများအား ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေ ချနေထိုင်ခဲ့သော ရွာစု၊ အိမ်စုများစာရင်းကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လအတွင်းမှာ ကောက်ယူ ခဲ့ပြီး ကျူးကျော်ယာများကို သီးနှံရောနှော သစ်တောစိုက်ခင်းစနစ်ဖြင့် ဒေသခံ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅၊ ဘဏ္ဍာရေးနှစ်အတွင်း တစ်နိုင်ငံလုံး (၂၂၆၈၃.၇၈) ဧက တည်ထောင်ခွင့်ပြုခဲ့တဲ့အနက် ဘရုံကြိုးဝိုင်းအတွင်း ကျရောက်နေလျက်ရှိတဲ့ ကုန်းဘိုကျေးရွာရဲ့

ယာမြေ(၂၀၀)ဧကကို ပထမအဆင့်အနေဖြင့် သီးနှံသစ်တောရောနှောသောစနစ်ကို အခြေခံတဲ့ ဒေသခံ အစုအဖွဲ့ပိုင်သစ်တောအဖြစ် တည်ထောင်ခွင့်ပြုခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင်(၂၇၄၃၀) ဧကကိုလည်း ဆက်လက် တည်ထောင်မည်ဖြစ်ရာ အထက်ပါကျေးရွာများရှိ ယာမြေများအတွင်း အစုအဖွဲ့ပိုင်သစ်တော များ အဖြစ် ဆက်လက် တည်ထောင်လုပ်ကိုင်ခွင့်ရရှိသွားမှာဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာန နှင့် မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံ မြို့နယ်နဲ့ မြို့သစ်မြို့နယ်တွေမှာ ရေနံရှာဖွေရေးလုပ်ငန်းကို PTTEP ကုမ္ပဏီ နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ ညှိနှိုင်း အကြောင်းကြားချက်အရ သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ နယ်မြေများ အတွင်း ဆိုက်စမစ် လမ်းကြောင်းများ ဖောက်လုပ်ရာတွင် သစ်တော၊ သစ်ပင်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် ဆောင်ရွက် ရန်၊ မလွှဲမရှောင်သာ၍ ပျက်စီးဆုံးရှုံးသွားသော သစ်ပင်နှင့် သစ်တောဧရိယာများအတွက် သတ်မှတ် တန်ဘိုးပေးလျော်စေရန်၊ ဌာနစိုက်ခင်းများ၊ ပုဂ္ဂလိက စိုက်ခင်းများ နှင့် သဘာဝတော ပြုစုထိန်းသိမ်းခြင်း လုပ်ငန်း ဧရိယာများတွင် ထိခိုက်ပျက်စီးမှုရှိပါက လုပ်ငန်းကုန်ကျစရိတ်ပေးလျော်စေရန်၊ လုပ်ငန်း ဆောင်ရွက်မှုကြောင့် ပျက်စီးယိုယွင်းသွားသည့်အတွက် ပြန်လည်စိုက်ပျိုးဖြည့်ဆည်းရမည့် လုပ်ငန်းများ ဆောင်ရွက်ပေးရန် စတဲ့ ဝန်ခံကတိများရရှိပြီးမှ ရေနံစမ်းသပ်ရှာဖွေခြင်းလုပ်ငန်းကို သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာနသို့ ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဘရိုကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီမှ ဆိုက်စမစ်လမ်းကြောင်း ဖောက်လုပ်ရာမှာ ဌာနမှ ဆောင်ရွက်ထားတဲ့ သဘာဝတောထိန်းလုပ်ငန်းနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဧရိယာအတွက် ကျရောက်ခဲ့သဖြင့် သစ်ပင်ထိခိုက်မှုများအား ဧရိယာအားဖြင့် (၄.၈၈) ဧက လျော်ကြေးငွေ (၁၆၇၄၉.၆) ကျပ်ကို ကုမ္ပဏီမှ ပေးလျော်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ PTTEP ကုမ္ပဏီသည် ဘရိုကြိုးဝိုင်းအတွင်း ဆိုက်စမစ်လမ်းကြောင်းများ ဖောက်လုပ်ခြင်းဖြစ်ပြီး နိုင်ငံတော် အကျိုးစီးပွားအတွက် စွမ်းအင်ဝန်ကြီး ဌာနနှင့် အကျိုးတူ ပူးပေါင်း၍ ရေနံစမ်းသပ် ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျွန်တော် နောက်ဆက်တွဲ မေးခွန်းလေးတစ်ခု မေးခွင့်ပြုဖို့ တင်ပြပါတယ်။ ကျွန်တော် အခု တော်တော်များများ ဖြေသွားတဲ့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော် နောက်ဆက်တွဲ မေးခွန်းလေး (၂)ခု၊ (၃)ခု မေးချင်ပါတယ်။ အဲဒါဘာလဲဆိုတော့ အခု ဝန်ကြီးဖြေသွားတဲ့အခါမှာ ကျွန်တော်တို့ ဒီလယ်မြေဧကပေါင်း တစ်သောင်းကျော်ကို အကျိုးစီးပွားပေးနိုင်ဖို့အတွက် အခု ယာမြေဧကပေါင်း (၂၁၇၅၀)လောက်ကို သစ်တောမြေအဖြစ် သတ်မှတ်လိုက်တယ်ဆိုတော့ အကျိုးပြုဖို့ ဧရိယာထက် ဒီဘက်က ကျွန်တော်တို့ ယာမြေတွေမှာ ဆုံးရှုံးသွားတဲ့ တောင်သူလယ်သမားတွေ အတွက်ကောဘယ်လိုစီစဥ်ပေးဖို့အစီအစဥ်ကို ထည့်သွင်းစဥ်းစားထားခြင်း ရှိပါသလဲ။ ဒါမေးချင်ပါတယ်။

အခု နောက် ဒုတိယမေးခွန်းကတော့ အခုပြောပါတယ်။ အခု PTTEP မှာ ဘယ်လိုတွေ ကုန်ကျစရိတ်တွေရှိတယ်၊ ဘယ်လို စည်းကမ်းချက်တွေ ထားတယ်လို့ ပြောပါတယ်။ တကယ်တော့ နယ်မြေတွေအရ အောက်ခြေမှာရှိတဲ့ အခြေခံတောင်သူလယ်သမားများဟာ အခု ဒီစည်းကမ်းချက်တွေ

ထဲမှာ ပါတဲ့အတိုင်း PTTEP က အကောင်အထည်ဖော်ပြီး တကယ်အကျိုးပြုနေသလား၊ မပြုနေဘူးလား ဆိုတာ မသိကြရပါဘူး။ တကယ်ဆုံးရှုံးသွားတဲ့ သစ်ပင်တွေလည်း အခုချိန်ထိ လျော်ကြေးရတယ် ဆိုတဲ့ အစီအစဉ်မျိုးတွေ၊ တကယ့်တောင်သူတွေကျတော့ အခြေခံဒေသခံတွေက မရကြပါဘူး။ ဒါကြောင့်မို့ အဲဒီလို ချလိုက်တဲ့သူတွေက တကယ့်ဒေသခံဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကိုကော သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း တကယ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိ/မရှိ မြေပြင်မှာ အမှန်တကန်ပေါ်ပေါက်ခြင်း ရှိ/မရှိ ဆိုတာရော အချိန်နှင့်တစ်ပြေးညီ စိစစ်ရန် အစီအစဉ် ရှိပါသလား၊ စိရောစိစစ်နေပါသလား ဒါ ကျွန်တော်တို့ ဒုတိယ မေးချင်ပါတယ်။

တတိယမေးချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့ဒီ တောင်သူလယ်သမားတွေရဲ့ အနေအထားမျိုးကို အခုနတုန်းက ဝန်ကြီးက ဖြေပါတယ်။ အချိန်အတိုင်းအတာတစ်ခုအထိ ကျူးကျော်ဝင်ရောက်ပြီးတော့ လုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော် Slide မှာလည်း တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ တကယ်တမ်းစာရင်း ကောက်လိုက်တဲ့အခါကျတော့ အခုနက ပြောတဲ့ ကိန်းဂဏန်းတွေ မဟုတ်ဘဲနဲ့ အားလုံး ကျွန်တော် Slide မှာ ဖော်ပြထားတဲ့အတိုင်း စစ်ဆေးထားလိုက်တဲ့အချိန်ကတည်းကိုက၊ ၁၉၁၃ ခုနှစ်ကတည်းက ဝင်ပြီးတော့ လုပ်ကိုင်နေပါတယ်လို့ ကျွန်တော်တို့ အတိအလင်းပြဌာန်းထားတဲ့ စာရင်းတွေက ကျွန်တော် စာအုပ်ကြီးလိုက် ရှိပါတယ်။ အဲဒါဇကပေါင်း မြောက်မြားစွာ ရှိနေပါတယ်။ နောက်မှ တိုးချဲ့လာတယ်လို့ ဒီစာရင်းဇယားတွေမှာ မပေါ်ပါဘူး။

ဒါကြောင့်မို့လို့ တကယ်တမ်း စာရင်းစစ်ဆေးတဲ့အခါမှာကတည်းကိုက၊ ၁၉၁၃ ခုနှစ်ကတည်းကိုက ဆောင်ရွက်နေတယ်လို့မှတ်တမ်းပြုထားတဲ့ လယ်များ၊ ယာများဟာ နောက်မှတိုးလာတယ်လို့ ရောထွေးပြီးတော့ တွက်ချက်တဲ့အခါမှာ ကိန်းဂဏန်းမှားယွင်းမှု ရှိ/မရှိ စိစစ်ဖို့လိုအပ်မယ်လို့ထင်ပါတယ်။ အဲဒီလိုစိစစ်ပြီး/မပြီးလည်း ကျွန်တော်သိချင်ပါတယ်။ နောက်ဆုံးအချက်ကတော့ ကျွန်တော်တို့ သီးနှံစိုက်ပျိုးရေးနှင့် ရောနှောစိုက်ပျိုးရေးလုပ်ငန်းဆိုပြီးတော့ ညွှန်ကြားထားတဲ့၊ လယ်သမားတွေဆီကို ရောက်သွားတဲ့ညွှန်ကြားချက်က တစ်ခါတည်း တစ်ဇကကို အပင်ပေါင်း (၁၅၀) စိုက်ပျိုးပြီး ကျန်တာမှ သူက စိုက်ရမယ်ဆိုတော့ လယ်သမားတွေက၊ ယာသမားတွေက ဘယ်လိုမှ သူတို့အနေနဲ့ အခြေအနေ မရှိပါဘူး။

ဥက္ကဋ္ဌကြီး သိတဲ့အတိုင်းပါပဲ။ တစ်ဇကဆိုတာက ဘောလုံးကွင်းတစ်ဝက်စာပဲ ရှိပါတယ်။ အပင်ပေါင်း(၁၅၀) စိုက်ပြီးတော့မှ သူတို့ရဲ့ယာတွေကို လုပ်ရမယ်ဆိုတာ အဆင်မပြေတဲ့ အနေအထားမျိုးတွေ ရှိတဲ့အတွက်ကြောင့် လယ်သမားတွေက အခုစိုးရိမ်သောက ဖြစ်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို တကယ့် ဒေသခံလယ်သမားတွေက အခုလောလောဆယ် ပူးပေါင်းပြီးတော့ ဘယ်လောက်လုပ်နေပါတယ် ဆိုတာ ကိန်းဂဏန်းတွေပေါ်မှာပဲ ရှိပါတယ်။ တကယ်တမ်း မြေပြင်ထဲမှာ အရောက်၊ အဲဒီမှာ ရှိနေတဲ့ တကယ်တမ်း နှစ်သောင်းကျော်သော ယာမြေတွေကို ပိုင်ဆိုင်တဲ့ လယ်သမားတွေကို ဘယ်လိုစီစဉ်ဆောင်ရွက်ရမလဲဆိုတဲ့ ပညာမျိုးပဲဖြစ်စေ သို့မဟုတ် ဆောင်ရွက်ရမယ့် နည်းလမ်းမှန်မှန်ကန်ကန်ကိုပဲဖြစ်စေ၊ ကွင်းပြင်အရောက်၊ မြေပြင်အရောက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အဲဒီလို အစီအစဉ်ရှိတယ် ဆိုပါကလည်း ဘယ်တော့လောက်က စတင်ဆောင်ရွက်မလဲ ဆိုတာလေး မေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော် ဝန်ကြီး ဖြေသွားတာလေး ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီမှာ ကျွန်တော် နည်းနည်းလေး ထပ်မေးချင်တာက ဒီဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့က ဒီကျောက်တောင်ကြီးတွေ မိုင်းခွဲတဲ့နေရာမှာ၊ လမ်းတွေခင်းတဲ့နေရာမှာ ကြီးကြပ်တယ်၊ ဒါ တိုင်းဒေသကြီးအစိုးရအဖွဲ့လည်း ကြီးကြပ်တယ်လို့ ဒါကျွန်တော်တို့ ညွှန်ကြားထားတာ တွေကတော့ ရှိပါတယ်။ တကယ်တမ်း ဒီလမ်းက ကျွန်တော် တွေ့နေရသလောက် အခုနက ကျွန်တော် Power Point နဲ့ တင်ပြသွားတဲ့ ဓာတ်ပုံတွေပါ။ လွန်ခဲ့တဲ့ (၁)နှစ်လောက်က ရိုက်ထားတာရော၊ လွန်ခဲ့တဲ့ (၆)လလောက်က ရိုက်ထားတာရော ဒီနေ့ ကျွန်တော်(၁၄) ရက်နေ့မှ နယ်စပ်ဒေသက ပြန်ဆင်းလာတာပါ။ အဲဒီလောက်က ရိုက်ထားတဲ့ ပုံတွေလည်းပါပါတယ်။ ဒီလမ်းကလည်း ကျွန်တော်တောက်လျှောက် သွားနေတဲ့ လမ်းလည်း ဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်နားတာနဲ့ ထားဝယ်ဒေသမှာပဲ နေတာ များပါတယ်။ အဲဒီလမ်းမှာ ကြီးကြပ်တယ်ဆိုတာ ကျွန်တော်ထင်ပါတယ်။ စာရွက်ပေါ်မှာပဲရှိမယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘယ်အချိန်သွားသွား၊ အဲဒီလမ်းမှာ ကားရပ်ပြီးတော့ ကျွန်တော် မေးပါတယ်။ ဘယ်မှာ အင်ဂျင်နီယာ ရှိပါလဲ။ အင်ဂျင်နီယာတစ်ယောက်မှ မတွေ့ပါဘူး။ တားလို့ ကျွန်တော်ရပ်လိုက်ရင်လည်း မင်းဘာကြောင့် တားတာလဲ ဆိုတော့ ကျောက်မိုင်းခွဲဖို့ ရှိပါတယ်။ ကျောက်မိုင်းခွဲဖို့ တားတဲ့သူကလည်းပဲ ခန္ဓာကိုယ်မှာဝတ်ထားတဲ့ စွပ်ကျယ်အကျႌချွတ်ပြီးတော့မှ ကားတွေ ရပ်ပါ။ ဒီလိုပဲတားတာ ရှိပါတယ်။

ဟာ လုံခြုံရေးအနေအထားအရတားတာ ထိထိရောက်ရောက် မရှိပါဘူး။ ကြီးကြပ်တယ် ဆိုတာ ကျွန်တော်တို့ ညွှန်ကြားချက်တွေ၊ အမိန့်တွေနဲ့ ကြီးကြပ်တာတော့ ကျွန်တော်တို့ စာရွက်ကနေပြီး တော့ လုပ်လိုက်လို့ လွယ်ပါတယ်။ သို့သော် တကယ်တမ်းမြေပြင်မှာ မရှိတဲ့အတွက် အခုနက ကျွန်တော် တင်ပြသလို ပုံနေဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်တုန်းက ပုံတွေလည်းပါပါတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်ကတည်းက ဒီဟာတွေက ဒီလိုဖြစ်နေတာပါ။ အဲဒီတော့ ချောင်းမကောဘူး ဆိုပေမယ့် ကောလာပါတယ်။ ဒါသိသိသာသာ ကျွန်တော်တို့ကောပါတယ်။ အဲဒီတော့ အမြဲတမ်း သွားနေတဲ့သူဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကြီးကြပ်တာလည်းပဲ ထိထိရောက်ရောက် ကြီးကြပ်တဲ့စနစ် လေးနဲ့ စီစဉ်ပေးရန် ရှိ/မရှိလည်း ကျွန်တော် မေးချင်ပါတယ်။ နောက်တစ်ခုက ဒါသစ်ပင်ပြန်စိုက်တဲ့ ကိစ္စပေါ့။ နောက်တစ်ခုက မိုင်းတွေ။ ဒီ ဟိန္ဒားမိုင်းက ကျွန်တော်တို့ မြေလွှာဖွင့်တဲ့မိုင်းဖြစ်သလို ဒီ မြေကြီးထဲ အောက် မီတာပေါင်းများစွာမှာ သတ္တုသိုက်ကြီးက ရှိနေပြီးသား မိုင်းပါ။ အဲဒီတော့ ကျွန်တော်တို့ သစ်ပင် ပြန်စိုက်လည်းပဲ ထပ်ပြီးတော့ တူးရမှာပါပဲခင်ဗျာ။ အဓိကတော့ ကျွန်တော်တို့ နုန်းတွေ၊ ဒီမြေဇာတွေကို ဘယ်လိုထိန်းသိမ်းမလဲဆိုတဲ့ စနစ်ပါပဲ။ ၉၈-၉၉ ကတည်းက ကျွန်တော် ဒီဒေသမှာ နေခဲ့တာပါ။

အဲဒီတော့ဒီမှာလည်းပဲ ဟိန္ဒားမိုင်းဆိုတာ ကျွန်တော်မကြာခဏရောက်ပါတယ်။ ကျွန်တော့်ရဲ့ နယ်မြေလည်း ဖြစ်ပါတယ်။ သောင်းကျန်းသူလက်ထက်ကတည်းက လုံခြုံရေးရန်ကိုလည်း အကာအကွယ် ပေးခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။ အဲဒီထဲကလည်းကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် မဖြစ်အောင် ဒီပွန်ပီပက်ကုမ္ပဏီကို ကျွန်တော်တို့ အမြဲတမ်းပြောပါတယ်။ ကျွန်တော်နဲ့ မိသားစုလို ဖြစ်နေတဲ့အတွက် ကျွန်တော် အမြဲတမ်းထိန်းပါတယ်။ မင်းတို့ ဒါတွေ မဖြစ်အောင်လုပ်ပေးပါ။ ဘယ်လိုမှ ပြောလို့မရပါဘူး။ ငွေမျက်နှာပဲ ကြည့်ပါတယ်။ တကယ်တမ်း နောက်ဆုံးပိတ်ဖြစ်လာတဲ့အခါမှာ ပြီးခဲ့တဲ့ အပတ်တုန်းက ကျွန်တော်ကြယ်ပွင့်မပြနှင့် မေးထားပါတယ်။ ဒီသတ္တုမိုင်းဇရိယာထဲမှာ မြောင်းပြို့ရွာ

ဆိုတာ ဝင်ပြီးတော့ တည်ဆောက်ထားပါတယ်။ တကယ်တော့ ဒါ No Manland ပါ။ ဒါကို ပြည်ထဲရေး ဝန်ကြီးဌာနက ဒီရွာကို မိုင်းဧရိယာထဲမှာ ဆောက်ထားတာ ခွင့်ပြုပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ကန့်ကွက်ပါတယ်။ အဲဒီတော့ ရွာကလည်းပဲ ဒီသတ္တုဧရိယာထဲမှာပဲ တောတွေ ခုတ်ပါတယ်။ တောင်ယာ လုပ်ဖို့အတွက်၊ မခုတ်ပါနဲ့လို့ တားပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့လည်း ဆင်းတားပါတယ်။ သတ္တုကလည်း တားပါတယ်။

သို့သော် သစ်ပင်ခြောက်တဲ့အချိန်မှာ တောမီးလောင်လို့ မီးကူးသွားပါတယ်ဆိုတဲ့ ဖြေရှင်းချက် တစ်ခုတည်းနဲ့ ကျွန်တော်တို့ အဲဒီမိုင်းထဲက သစ်တောတွေ ကုန်သွားပါတယ်။ အဲဒီတော့ ကြီးကြပ်မှု တော်တော်လေး အားနည်းတဲ့သဘော ရှိပါတယ်။ အခုနကပြောသလို သစ်ပင်ပြန်စိုက်ဖို့ဆိုတာကလည်း ကျွန်တော်တို့က ဒါ မဖြစ်နိုင်ပါဘူး။ ဒါမြေလွှာကို ဖွင့်နေရတဲ့ မိုင်းဖြစ်တယ်။ အောက်ထဲမှာလည်း အများကြီးရှိနေတဲ့အတွက် ကျွန်တော်တို့ ဒီဟာကိုလည်းပဲ ဘယ်လိုထိန်းသိမ်းမလဲ။ ဒီနုန်းတွေ၊ နုန်းဆည်ကန်တွေ လုပ်တာက နွေမှာပဲ လုပ်လို့ရပါတယ်။ မိုးတွင်းလုပ်လိုက်လို့ရှိရင် မိုးတွင်းမှာ ဘယ်လိုမှ လုပ်လို့မရပါဘူး။ မိုးရောက်တာနဲ့ မိုးများတဲ့ဒေသဖြစ်တဲ့အတွက် အကုန်လုံးက ပြန်ပါသွား ပါတယ်။ အဲဒီတော့ ကနေ့ ဒါလက်တွေ့ပါပဲ။ တနင်္သာရီမြစ်လည်းပဲ တော်တော်လေးကို သယံဇာတတွေ တော်တော်လေး ဆုံးရှုံးလာတာရှိပါတယ်။ အခုနက ရွှေတူးတဲ့ကိစ္စလည်းပဲ ဝန်ကြီးတို့ ခွင့်ပြုထားတာက (၄)၊ (၅) ကုမ္ပဏီ လောက်ရှိတယ်လို့ ပြောပါတယ်။ တကယ်တမ်း အဲဒီဒေသမှာ ဝင်သွားလို့ရှိရင် အခုန ကျွန်တော်ပြောတဲ့ အဖွဲ့အစည်းက ခွင့်မပြုလို့ရှိရင် ဘယ်ကုမ္ပဏီမှ ဘယ်သူမှ အလုပ်လုပ်လို့မရပါဘူး။ ဒါ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့လည်းပဲ စဉ်းစားပေးဖို့ ကျွန်တော့်အနေနဲ့ ဝန်ကြီးကို ထပ်ပြီးတော့ တင်ပြချင်ပါတယ်။ အခုနက ကျွန်တော်တင်ပြသွားတာဟာ ခုနက ကျွန်တော်မေးသွားတာတွေဟာ ဝန်ကြီးဌာနချင်းတွေ ဒီလို ပေါင်းစပ်ညှိနှိုင်းဖို့ အားနည်းတယ်ဆိုတဲ့ အနေအထားကို တင်ပြသွားတာပါ။

အခုနက ကျွန်တော်ပြောသွားတဲ့အထဲမှာ ပြည်ထဲရေးနှင့်သတ္တု၊ သတ္တုဧရိယာထဲမှာ ရွာလာ တည်ထားတာ ပြည်ထဲရေးက ခွင့်ပြုထားပါတယ်။ သတ္တုက Reject လုပ်ပါတယ်။ အခုလည်းပဲ ကျွန်တော် တင်ပြသွားတာက ဆောက်လုပ်ရေးတို့၊ ဘာတို့က ဒီလိုလုပ်နေတဲ့ အနေအထားမျိုးမှာ ကျွန်တော်တို့ ဝန်ကြီးဌာနချင်း ပေါင်းစပ်ညှိနှိုင်းပြီး ထိန်းသိမ်းမလဲဆိုတဲ့ အဖြေလေးကို ကျွန်တော် သိချင်တာပါ။ အမိန့်နဲ့ညွှန်ကြားချက်နဲ့ကျွန်တော်တို့လုပ်နေမယ်ဆိုရင်တော့ ကျွန်တော် သုံးသပ်တာတော့ မဖြစ်နိုင်ပါဘူး။ ထိရောက်တဲ့ ပြစ်ဒဏ်တွေ ပါလာမှ၊ ထိရောက်တဲ့ ဆောင်ရွက်မှုလေးတွေပါလာမှ ကြီးကြပ်မှုတွေ ပါလာမှရမယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့ ဒီစနစ်လေးတွေ ဘယ်လိုများရှိမလဲ ဆိုတာ ကျွန်တော်ဝန်ကြီးကို ထပ်ပြီးတော့ မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး ခေတ္တရပ်နားပါမယ်။ ပြန်လည်စတင်တဲ့အချိန်ကြမှ ဖြေပါ။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ ဦးအေးမြင့်မောင် ဖြေဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်များခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက် က ထပ်မံပြီးတော့ ဆွေးနွေးတဲ့အပေါ်မှာ ကျွန်တော်ပြန်ပြီးတော့မှ ဖြေကြားသွားပါမယ်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးချက် တွေ့ရှိချက်တွေအပေါ်မှာ အကြံပြုချက်တွေဟာ အမှန် တကယ်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနတွေရော၊ ဒေသခံပြည်သူတွေရော ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်း အားလုံးက ထိန်းသိမ်းဆောင်ရွက်သင့်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါ အမှန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ၂၀၁၄ ခုနှစ်၊ မတ်လမှာ ထားဝယ်ကနေ ခုန ဖော်ပြပါလမ်းတစ်လျှောက် မော်တော်ယာဉ်နဲ့ အသေးစိတ် ကျွန်တော် ထီးခီးအထိ သွားခဲ့ပါတယ်။ သွားခဲ့တဲ့အခါမှာ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ အကောက်စခန်းတွေ အထိ ကျွန်တော် သွားပြီးမှ ဒီ သတ္တုတူးတဲ့ကိစ္စတွေမှာ ကျွန်တော်သွားရောက် ကြည့်ရှုခဲ့ပါတယ်။

ထိုနည်းအတူပဲ အဲဒီလမ်းတစ်လျှောက်မှာ ကျောက်မိုင်းခွဲခြင်း၊ မြေပြိုခြင်း၊ ချောင်းအတွင်း တနင်္သာရီမြစ်အတွင်းကို ဒီ အထိုက်အလျောက် ကျောက်၊ မြေစာကျဆင်းခြင်းတွေကလည်း ရှိပါတယ်။ ဒါတွေကိုလည်း ထိန်းသိမ်းဆောင်ရွက်ဖို့ဆိုတာ အခု၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ခုန ကျွန်တော်တင်ပြ တဲ့အထဲမှာ ဒုတိယသမ္မတ ဦးစီးပြီးတော့မှ ဒီ ၂၀၁၄ ခုနှစ်မှ စပြီးတော့မှ ကျွန်တော်တို့ သယံဇာတတွေကို ထုတ်ယူသုံးစွဲလို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ထုတ်ယူသုံးစွဲခဲ့လို့ရှိရင် ဒီ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုတွေအပေါ်မှာ အကျိုးသက်ရောက်မှုအနေနဲ့ ဘေးထွက်ဆိုးကျိုးတွေကို ထိန်းသိမ်း ကာကွယ်ဖို့အတွက် ဒီကော်မတီကို (၂)ကြိမ်ရှိပါပြီခင်ဗျား။ အသေးစိတ်ထိုင်ပြီးတော့ ဆွေးနွေးနေတာ ဖြစ် ပါတယ်။ နောက်ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြသလို ကျွန်တော်တို့ ဆိုင်ရာဝန်ကြီးဌာနက လည်း ဒါတွေကို အလေးထားကြီးကြပ်သွားဖို့လည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ခုန မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဘရုံကြိုးဝိုင်း ကိစ္စဖြစ်ပါတယ်။ အချက်(၄)ချက် မေးတဲ့အပေါ်မှာ ကျွန်တော် အကျဉ်းချုပ်လွှမ်းခြုံတင်ပြလိုပါတယ်။ အဲဒီတော့ ဘရုံကြိုးဝိုင်း အတွင်းမှာ ခုန ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ စာရင်းဇယားနဲ့ ပတ်သက်လို့ ဘယ်လိုမှန်ကန်သလဲ၊ ဘယ်လို ဘာဖြစ်သလဲဆိုတာကို ကျွန်တော်တို့ဆီမှာ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ကော သစ်တောဦးစီးဌာနမှာ Satellite Image က ကျွန်တော် ယခင်လည်း ဒီမှာ လာဆွေးနွေးဖူး ပါတယ်။ ကျွန်တော်တို့ Inventory Team ရှိပါတယ်။ စာရင်းကောက်ယူတာ၊ ထိုနည်းအတူပဲ အဲဒီ စာရင်းတွေအပေါ်မှာ Data Indirect လုပ်တာ ရှိပါတယ်၊ အဲဒါတွေကို ဆောင်ရွက်တဲ့အခါမှာ ပထမ တစ်ချက်က ကျွန်တော်တို့ နှစ်စဉ် ဒီ ခုန Google လို မဟုတ်ပါဘူး။ Satellite Image က ကျွန်တော်တို့ Rapid Eye ဆိုတဲ့ဟာဝယ်ရပါတယ်။ ဝယ်ပြီးတော့မှ ကျွန်တော်တို့က အသေးစိတ် မြေပြင်မှာ (၅)မီတာ အထိ ကြည့်လို့ရနိုင်တာကို ပထမစကြည့်ပါတယ်။ ကြည့်ပြီးတော့မှ ခုန ကျွန်တော်တို့ သစ်တောဖုံးလွှမ်းမှု၊ သစ်တောသယံဇာတ တည်ရှိမှု ဒါကတော့ အခြေခံအကြောင်းတရား ဖြစ်ပါတယ်။

နောက် တစ်ခုကတော့ ဘာလဲဆို ခုန ရေဝေရေလဲကိစ္စ၊ ကျွန်တော်တို့က ရေဝေရေလဲကို ဘာကြောင့်ထိန်းနေသလဲဆိုတာ ကျွန်တော်တို့ ဆည်ပေါင်း(၃၅၇)ဆည်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ငွေလုံး ငွေရင်းပေါင်းများစွာ ဒါ ကျွန်တော်တို့ ပြည်သူတွေရဲ့ ဘဏ္ဍာနဲ့ သုံးထားတဲ့ ဆည်တွေဖြစ်ပါတယ်။ ခုန ဆည်ရေသောက်လယ်ကို တစ်ခုတည်း ကျွန်တော်တို့က အချိန်ကို ငဲ့ညှာပြီး ရှင်းလင်းတင်ပြ ခြင်း မပြုတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလို ဆည်ပေါင်းများစွာသည် ဘာကြောင့်လဲ၊ နောက်တစ်ခုကတော့ ဘာလည်းဆိုတော့ အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းပါ။ ဆင်ပေါင်ဝဲဟာ အပူပိုင်း၊ မိုးနည်းရပ်ဝန်းဒေသ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့က ခုန ဒီ သစ်တောမြေတွေကို စဉ်းစားတဲ့ အခါမှာ ကျွန်တော်တို့ အနေနဲ့ ဒါကို ရည်ရွယ်ပြီးတော့ စဉ်းစားဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတာ တောင်သူတွေ အတွက် ဒါ မှန်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စဉ်းစားပြီးတော့ ကြိုးဝိုင်းထဲမှာရှိတဲ့ အချိန်ကာလ အတန်ကြာ ကျူးကျော် လယ်ယာတွေကို ဖျက်ဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တော့လည်း ဒီဟာသည် ကျွန်တော်တို့ ပြည်သူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က နားလည်းပြီး တော့ ကျွန်တော်တို့ ကိုယ်တိုင်က တကယ်အလေးထား စဉ်းစားဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ ဒီ နေရာမှာ လယ်ကို ပေးပြီးတော့ ယာကို ကျွန်တော်တို့က ဘာလို့ထိန်းသလဲဆိုတော့ ကနေ့ ကျွန်တော်တို့ ယာတွေသည် တစ်နိုင်ငံလုံးမှာ ဒီယာတွေ စဉ်းစားလိုက်ရင် ကျွန်တော်တို့ သစ်တောသယံဇာတ ဖုံးလွှမ်းမှု က ယာတွေကို စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ခြင်း မရှိတဲ့အတွက် ဟိုယခင်ကလည်း ရွှေ့ပြောင်း တောင်ယာ ပပျောက်ရေးဆိုပြီးတော့ ယခင်အစိုးရကာလမှာ ဒါကို အကြီးအကျယ်ဆောင်ရွက်ခဲ့ကြ ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အတိုင်းအတာ တစ်ခုအထိပဲ ဆောင်ရွက်နိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ တင်ပြချင်တာကတော့ တစ်ကမ္ဘာလုံးမှာ ဒီနေ့ဖြစ်နေတာအားလုံးဟာ လူတွေ ရဲ့ လူဦးရေ တိုးပွားမှု၊ လူတွေရဲ့ ဘဝရှင်သန်မှုအတွက် အသက်မွေးဝမ်းကျောင်းပြုမှု ဒီအပေါ်မှာ ဘယ် ဟာကို အခြေခံသလဲဆိုတော့ စိုက်ပျိုးရေးအပေါ်မှာ အများစုက အခြေခံပါတယ်။

၂၀၁၄ ခုနှစ်၊ Millennium Development Goal ထွက်ပါပြီ၊ ကျွန်တော် ပြီးခဲ့တဲ့နှစ်က အစီရင်ခံစာ မှာ သစ်တောနဲ့ ပတ်ဝန်းကျင်ဆိုင်ရာမှာလည်း ယခင် ကျွန်တော်ဒီမှာ လာတင်ပြတုန်းက

၂၀၁၃ ဖြစ်ပါတယ်ခင်ဗျား။ ဒီအတိုင်းပဲ (၇၀)ရာခိုင်နှုန်းဟာ စနစ်တကျ သစ်တောတွေကို စီမံအုပ်ချုပ် လုပ်ကိုင်နေသော်လည်း (၇၀)ရာခိုင်နှုန်းသော သစ်တောမြေတွေ ပျက်စီးတယ်ဆိုပြီးတော့ ဘာကြောင့်လဲ ဆိုတော့ အဲဒီ စိုက်ပျိုးရေး အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ ပျက်စီးရတယ်။ အဲဒါကိုအဖြေရှာတဲ့ အခါမှာ ခုနကဘာလဲဆိုတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း လုပ်ငန်းတွေကို ဒါက တည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူတွေရဲ့ ဘဝရှင်သန်မှုအတွက် တစ်ဘက်ကလည်း ရစေ၊ တစ်ဘက်က လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ပြောင်းလဲမှုကို အဓိက အထောက်အကူပြုတဲ့ သစ်တော၊ သစ်ပင်များလည်း ရှင်သန်စေရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ငန်း၊ ဒါနဲ့ ပတ်သက်လို့ ဒါတစ်ကမ္ဘာလုံးမှာ ကျင့်သုံးတဲ့ ဟာ ဖြစ်ပါတယ်။ ထိုနည်းအတူပဲ ကျွန်တော်တို့နိုင်ငံက ၁၉၉၅ ခုနှစ်မှာ ဒါကို ကျင့်သုံးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ ဒီမှာ ကျွန်တော် တင်ပြရရင် တစ်နိုင်ငံလုံးမှာ ဒေသခံ အစုအဖွဲ့ပေါင်း (၇၅၃)ဖွဲ့ ဖြစ်ပြီး တော့မှ ဦးရေပေါင်း (၃)သိန်းကျော် ကျွန်တော်တို့ ဖွဲ့ထားပြီး ဖြစ်ပါတယ်။ ဒါက ဒီနေရာမှာလည်း ကျွန်တော် ဆွေးနွေးတင်ပြလိုတာက ခုန ယာတွေကို သစ်ပင်စိုက်တဲ့ကိစ္စ၊ ဒီနေရာမှာ ယာတစ်ခုလုံးကို လိုက်စိုက်ဖို့ မဟုတ်ပါဘူး။ ယာ ခြံစည်းရိုးကို စိုက်ရင်လည်း အတူတူပါပဲ။

ကျွန်တော် ဒါနဲ့ပတ်သက်လို့ ညောင်ဦးမှာ ကျွန်တော်တို့ ဒေသခံ အစုအဖွဲ့ပိုင် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နေတာ JAICA KOICA လိုအပ်လို့ရှိရင် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးတို့လည်း လေ့လာနိုင်အောင် စီစဉ်နိုင်ပါတယ်။ သွားကြည့်လို့ရပါတယ်။ အဲဒီမှာဆိုရင် အလွန်ကို အောင်မြင်ပြီးတော့မှ ညောင်ဦးမှာ တော်တော်များများ အဓိက ကျွန်တော် နာမည်နဲ့ ပြောရရင် မြင့်သိန်းထွေး ဆိုတဲ့ ကျေးရွာ၊ ဒီကျေးရွာဆိုရင် အတော့ကို ဒီ အစုအဖွဲ့ပိုင် စိုက်ခင်းလုပ်ငန်းတွေမှာ အောင်မြင်တဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ဘယ်တုန်းကလုပ်ခဲ့လဲဆိုရင် ကျွန်တော်တို့ ၉၅ ခုနှစ်ကတည်းက ကျွန်တော်တို့ နိုင်ငံကလည်း ကမ္ဘာ့နိုင်ငံများနည်းတူ ဒါကို ရှေးရှုပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ တင်ပြရရင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်တဲ့ ကော်စတာရီကာ နိုင်ငံ ဖြစ်ပါတယ်။ ဒါ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်ကိုယ်တိုင်သွားပြီးတော့ အဲဒီက ယာခင်း တွေမှာ ဒီထက်ကျယ်ပြန့်တဲ့ ဧကများစွာလုပ်တဲ့ ပလောပီနမ် စိုက်ခင်းတွေ၊ ကြံစိုက်ခင်းတွေ၊ သို့သော် လည်း ချောင်းတွေ၊ မြောင်းတွေရဲ့ဘေးရဲ့ မီတာ (၆၀)လောက်အထိက ဘာပင်မှမခုတ်ရပါဘူး။ သစ်တော သစ်ပင်ဘေးမှာ ပတ်လည်ထားရပါတယ်။ ထို့အတူပဲ အီတလီမှာလည်း ဒီအတိုင်းပါပဲ။ ပြောင်းခင်းတွေ ပတ်လည်မှာ ကျွန်တော်တို့ ယူကလစ် မီတာ(၁၀၀)ခန့်အထိ ပတ်လည်စိုက်ထားပါတယ်။ အဲဒီ ယူကလစ် မီတာ(၁၀၀)ကနေရတဲ့ ခုကပျော့ဖတ်ကို ပြန်ပြီးတော့မှ စက္ကူပျော့ဖတ်လုပ်ရတာဖြစ်ပါတယ်။ စက္ကူထုတ် ရတာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အလယ်မှာ ကျွန်တော်တို့က ယာသီးနှံကို ပေးစိုက်ထားပြီးတော့မှ သစ်တောကို ဘေးကနေ ပတ်လည်စိုက်ခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တင်ပြတာ ခုနတောင်သူတွေ အတွက် ကျွန်တော်တို့က Win Win Solution သူတို့အတွက်လည်းပါစေ၊ သူတို့ရဲ့ သားစဉ်မြေးဆက် အတွက်လည်း ရစေဆိုတဲ့ ဒီ ဒေသခံ အစုအဖွဲ့ပိုင် ယာလုပ်ငန်းကို တည်ထောင်ခြင်း ဖြစ်ပါတယ်။

ယာနဲ့ပတ်သက်လို့ ကျွန်တော်တို့က ဘာလို့ ထိန်းသိမ်းပြီး ဆောင်ရွက်နေရသလဲဆိုတော့ ယာ တွေရဲ့ တိုးချဲ့ဆောင်ရွက်မှုတွေဟာ ခုနကျွန်တော်တင်ပြခဲ့ပြီးပါပြီ၊ ကျွန်တော်တို့ တစ်နိုင်ငံလုံးဟာ စည်း စနစ်နဲ့ ယာတွေကို မထိန်းနိုင်ပါဘူး။ မထိန်းနိုင်တဲ့အတွက် ဒီနေ့ကျွန်တော်တို့ ယာတွေအပေါ်မှာ ခုနကလို

သစ်တောသယံဇာတတွေကို တစ်ဘက်ကလည်း ပါဝင်စေ၊ ယာလုပ်ကိုင်တဲ့ တောင်သူတွေလည်း ဝင်ငွေရစေ၊ ဘဝရှင်သန်စေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးခြင်း ဖြစ်ပါတယ်။ ဒါလေးကို နားလည်နိုင်အောင် ကျွန်တော်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ဘယ်တော့လုပ်မှာလဲလို့ ခုန မေးပါတယ်။ ဘယ်တော့လုပ်မှာလဲဆိုတာက ကျွန်တော်တို့ ခုနလည်းတင်ပြပြီးပါပြီ၊ နောက်ပြီးတော့ ၉၅ ခုနှစ်ကတည်းက ဒီ လုပ်ငန်းတွေ ကျွန်တော်တို့ စလုပ်နေ ပါတယ်။ ဒီအပြင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ လုပ်နေတာရှိပါတယ်။ ခုနက ကျွန်တော်တင်ပြခဲ့သလို ပုဂံ၊ ညောင်ဦးမှာဆိုရင်လည်း ဒီနှစ်ဆိုရင် KOICA နဲ့ လုပ်ပါမယ်။ ယခင်နှစ်တွေက ကျွန်တော်တို့ JAICA နဲ့ လုပ်ပါတယ်။ နောက်ကျွန်တော်တို့ နိုင်ငံ ဟိုဟာနဲ့ လုပ်ပါတယ်။ ဒီအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ် နောင်ချို၊ အဲဒီမှာ ညောင်ထောက် ကြိုးဝိုင်းရှိပါတယ်။ ဒါပြီးခဲ့တဲ့ နိုဝင်ဘာမှာ ကျွန်တော်ကိုယ်တိုင်သွားပါတယ်။ သွားပြီးတော့ ကျွန်တော်သွားကြည့်ပါတယ်။ ဒီလုပ်ငန်းတွေ ဟုတ်ရဲ့လားဆိုတာ၊ သွားကြည့်တဲ့အခါမှာ သီးနှံရောနှော သစ်တောစိုက်ခင်း၊ ဒါနဲ့ပတ်သက်လို့ သူ (၁)ဧက စိုက်တဲ့အခါမှာ မြေပဲ စိုက်ပါတယ်။ ပတ်လည်မှာ ကျွန်တော်တို့က ခုန ဒေသမှာ ပေါက်ရောက်တဲ့ သစ်နဲ့ ဝါးပဲ စိုက်ခိုင်းပါတယ်။

နောက်တစ်ခုကတော့ တောင်သူတွေ စိတ်ဝင်စားတဲ့ သစ်ပင်၊ နှစ်ရှည်ပင်ကိုလည်း ကျွန်တော်တို့ ထည့်သွင်းစိုက်ပျိုးစေပါတယ်။ အဲဒီတော့ တစ်နည်းပြောရရင်တော့ အဲဒီမှာ စိုက်တဲ့အခါမှာ (၁)ဧကမှာ သူဟာ ခုန ငွေချေးမရဘူးဆိုတဲ့အပိုင်းကတော့ ဒေသမှာရှိကြတဲ့ အဖွဲ့အစည်းတွေ အချင်းချင်း ဒါတော့ ကျွန်တော်တို့က အဲဒီမှာတော့ ချေးလို့ရလို့ အဲဒီတောင်သူတစ်ဦးဟာ (၁)ဧကအတွက် သူက(၂)သိန်းရပါတယ်။ ဇွန်လက ချေးတာက ဒီဇင်ဘာလအထိ သူ့ကို (၆)လပေးပါတယ်။ (၂)သိန်း၊ အတိုးရောကျမှ (၂)သိန်းနဲ့ (၃)သောင်းလောက်ပဲ ကျပါတယ်။ အဲဒီဥစ္စာကို စနစ်တကျ ဘဏ်ကပဲ ချေးတာပါ။ အဲဒါကို ရတဲ့အတွက် သူက မြေပဲပေါ်ချိန်မှာ သူက ဘယ်လောက်ပြန်ရသွားသလဲဆိုတော့ (၄)သိန်းခွဲ၊ (၅)သိန်းလောက် ပြန်ရပါတယ်။ ဒါခုန တောင်သူတွေကို ကျွန်တော်တို့က ပေးနိုင်တဲ့ အခွင့်အရေး၊ နောက်ဘာလဲဆိုတော့ ကျွန်တော်တို့က မြေအသုံးချမှုကို တောင်သူတွေကို ပေးနေတာပါ။ ဒီ မြေအသုံးချသလို တစ်ဘက်ကလည်း ကျွန်တော်တို့ အနာဂတ် သားစဉ်မြေးဆက်အတွက် ပတ်ဝန်းကျင် အခြေအနေကောင်းစဉ်းစားဖို့ လိုပါတယ်။ ဒါလေးကျွန်တော်တို့က၊ နောက် ခုနဘယ်လို ဆောင်ရွက်ရမလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အပိုင်းတွေက ကျွန်တော်တို့ ဒေသခံ၊ အစုအဖွဲ့ပိုင် စိုက်ခင်းတွေကို ထူထောင်ဖို့အတွက် ကျွန်တော်တို့မှာ Four Unit ဖွဲ့ထားပါတယ်။ အဲဒီ ယူနစ်ကနေတစ်ဆင့် တိုင်းတွေကို အဆင့်ဆင့် ဆင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ နောက်ပြီး ခုန ကျွန်တော်တို့ဆီမှာလည်း ဟုတ်လား ဒီ ပညာပေးရမယ့် လုပ်ငန်းတွေ၊ ဒီ ပညာပေးရမယ့် လုပ်ငန်းတွေနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့မှာ စာရွက်စာတမ်း၊ အခွေ၊ ဗွီဒီယို စသည်ဖြင့် ဒါလည်း ကောင်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြတဲ့အပိုင်းကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ အောက်ခြေကို မရောက်ရင် ရောက်အောင်သွားရမယ့် ဝတ္တရား ကျွန်တော်တို့မှာ ရှိပါတယ်။ ကျွန်တော်တို့ ဒါကိုလည်းတိုးချဲ့ပြီးတော့ စည်းရုံးဆောင်ရွက်ပေးပါမယ်။

ခုန ကျွန်တော်တင်ပြချင်တဲ့ အချုပ်ကတော့ ကျွန်တော်တို့ ဒီနေ့ သစ်တော၊ သစ်ပင်ကို ယာကြီးတစ်ခုလုံးကို အကုန်လုံးသိမ်းလိုက်ပြီးတော့ သစ်ပင်တွေချည်းပဲ ကျွန်တော်တို့ စိုက်လိုက်လည်း မအောင်မြင်ဘူး။ ဘာလို့ မအောင်မြင်လဲဆိုတော့ ဒေသခံ ပြည်သူမပါလို့ ကျွန်တော် ဒါကြောင့်မို့လို့ ဒေသခံ

ပြည်သူတွေလည်း အကျိုးရှိစေ၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးရရှိမယ့် အကျိုးရလာဒ်တွေကိုလည်း ဖော်ဆောင်စေဆိုတဲ့ Win Win Solution သွားဖို့အတွက် ဒီ CF ကို တည်ထောင်ပေးနေ ခြင်းဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံတကာက ခုန ကျွန်တော်တင်ပြခဲ့သလို FAO ကအစ ဒီအပေါ်မှာ လာပြီးတော့မှ ကျွန်တော်တို့နဲ့ ဆွေးနွေးပြီးတော့ လုပ်နေတာရှိပါတယ်။ နောက် အပူပိုင်းဒေသနဲ့ ပတ်သက်လို့ ကျွန်တော်တို့က စီမံကိန်းသပ်သပ် ရေးဆွဲပြီး ဆွေးနွေးနေတာတွေရှိပါတယ်။

သို့သော် ဒီမှာ ကျွန်တော်တို့က ဘယ်ရက်လုပ်မှာလဲဆိုတာက ခုန ကျွန်တော်တို့နိုင်ငံ အစီအစဉ်နဲ့ကတော့ ကျွန်တော်တို့ ဆက်တိုက်လုပ်နေတာပါ။ အဲဒီ အပေါ်မှာလည်း ခုန အောက်ခြေ မရောက်ခဲ့ရင်လည်း ကျွန်တော်အောက်ခြေကို ခုန ကိန်းဂဏန်းတွေသည် ဘယ်လိုရတာလဲ ဆိုပြီးတော့ ခုနကျွန်တော်တင်ပြပြီးသွားပြီ၊ ကိန်းဂဏန်းတွေသည် ကျွန်တော်တို့မှာ ခိုင်မာပါတယ်။ ကျွန်တော်တို့က ခုန Stream Lined Image ရှိတယ်။ နောက်တစ်ခါ လူကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်တယ်။ အဲဒီ အပေါ်မှာ အခြေခံထားတဲ့ ကိန်းဂဏန်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိန်းဂဏန်းတွေနဲ့ ပတ်သက်လို့လည်း Confirm ဖြစ်ပါတယ်။ ဒီမှာတော့ ခုနပြောသလို အချိန်ကာလ တော်တော်ကြာတဲ့အပိုင်းတွေကတော့ ဒါတော့ တို့ ခုန နိုင်ငံတော်ရဲ့ အကျိုးငှာ အစိတ်အပိုင်းတချို့ကို ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ကျွန်တော် ဒါလေးကိုလည်း ဒီမှာရှိကြတဲ့၊ အရင်လည်း ကျွန်တော်တင်ပြဖူးပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရော၊ နောက် ဒေသခံ ပြည်သူတွေရော၊ နောက် အစုအဖွဲ့ NGO တွေရော အကုန်လုံးပါမှ ကျွန်တော်တို့ လုပ်လို့ရမှာပါ၊ နောက် ဒီမှာ တဆက်တည်း အဲဒီလို စိုက်တဲ့အတွက် ကျွန်တော်တို့ ဘာရမလဲဆိုတော့ အရင် ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ တင်ပြတဲ့အပိုင်းမှာ ကာဗွန်ထုတ်လုပ်မှု လျော့ချတဲ့ လုပ်ငန်းစဉ်ထဲမှာ ပါတဲ့ နောက်ပိုင်းမှာ အဲဒီ ဒေသခံပြည်သူတွေက ဒီ အစုအဖွဲ့ သစ်တောတွေကို စိုက်ခြင်းအားဖြင့် ကျွန်တော်တို့က ပမာဏ တွက်ချက်ပြီးတော့မှ Report အရင်တစ်ခါလည်း ဥက္ကဋ္ဌကြီးက ကျွန်တော်ကို မေးပါတယ်။ Carbon Credit နဲ့ ပတ်သက်လို့ ဒီမှာ ကျွန်တော်တစ်ခါရှင်းဖူးပါတယ်။ အဲဒီဟာသည်လည်း အဲဒီလိုလုပ်ငန်းစဉ် ထဲမှာလည်း ဒါတွေက ပါသွားတဲ့အတွက် အချိန်တစ်ခုမှာ ဒီ ဒေသခံပြည်သူတွေအတွက်လည်း အကျိုး ရှိမယ့်လုပ်ငန်း၊ နောက်တစ်ခုကတော့ ဒီ သစ်ပင်ကို ခုနလို ကျွန်တော်တို့ ခုတ်ပြီးတော့မှ ပြန်ရောင်းရင်၊ သုံးရင် ဒါလည်း ကျွန်တော်တို့ ရရှိနိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးကို ကျွန်တော်တို့ ရှင်းလင်းပြီးတော့မှ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါ အားလုံးက ဒါလေးဆောင်ရွက်မှ သာလျှင် ခုန ကျွန်တော်တို့ အပူပိုင်း မိုးနည်းရပ်ဝန်းဖြစ်တဲ့ ဒီလိုဒေသတွေမှာ ဒီလို သစ်တောသစ်ပင်တွေရဲ့ တန်ဖိုးဟာ နောင်အနာဂတ်မှာ လွန်စွာရရှိနိုင်မယ်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော် က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား ၃-၂-၂၀၁၄

ရက်နေ့တွင် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းပြီး ၂၉-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၇-၁-၂၀၁၅ ရက် (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၁၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ လိုရင်တိုရှင်း ဆွေးနွေးကြဖို့နဲ့ ဘာသာရေးကိစ္စဖြစ်တဲ့အတွက် သိမ်သိမ်မွေ့မွေ့ ဆွေးနွေးကြဖို့ ကြိုတင်သတိပေးလို ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးပေါလ်ထန်ထိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၂။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ ဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကော်မရှင်လူကြီးမင်းများ အားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်ဆွေးနွေးသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွက် အရေးကြီးဆုံးနဲ့ အလိုအပ်ဆုံးကတော့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော် အစိုးရက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ နိုင်ငံတော်မှာ ထာဝရငြိမ်းချမ်းရေး တည် ဆောက်နိုင်ရေးအတွက် နေ့မအား၊ ညမအား အစွမ်းကုန် ကြိုးစားဆောင်ရွက်နေတဲ့ အချိန် ဖြစ်ပါတယ်။ ဒီလိုဟာမျိုး အချိန်အခါမှာ တိုင်းရင်းသားအချင်းချင်း၊ ဘာသာသာသနာ အချင်းချင်း၊ အထင်လွဲ၊ အမြင်လွဲ ဖြစ်နိုင်စေတဲ့ ကိုးကွယ်ရာဆိုင်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်မှာ အဆိုတင်သွင်းခြင်းသည် အချိန်အခါ မဟုတ်သေးဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ပြီး နိုင်ငံတော်ကိုလည်း ဖယ်ဒရယ် ပြည်ထောင်စု ကြီးအဖြစ် ရပ်တည်နေပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖယ်ဒရယ်ပြည်နယ်များ စနစ်တကျတည် ဆောက်ပြီးသည့်အချိန်အခါမှာ ဒီလိုဟာမျိုးကိစ္စကို ဆွေးနွေး ဆုံးဖြတ်သင့်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ယခုလို ရွေးကောက်ပွဲကျင်းပမယ့် အချိန်အခါမျိုးမှာ ဒါမျိုး မလုပ်သင့်ပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် တချို့က ဘာသာရေးကို နိုင်ငံရေးမှာ အသုံးချတတ် ပါတယ်။ ဘာသာရေးဆိုတာ သိမ်မွေ့နူးညံ့လှတဲ့အတွက် ကိုင်တွယ်ဆောင်ရွက်တဲ့အခါ အထူးဂရုပြု အလေးထားပြီး လုပ်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ အတွေ့အကြုံရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၁၉၆၀ ရွေးကောက်ပွဲမှာ နိုင်ငံတော်ဘာသာ လုပ်မယ်ဆိုပြီး ရွေးကောက်ပွဲဝင်တဲ့ ပါတီက လွယ်လွယ်နဲ့ အနိုင်ရခဲ့ပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ၁၉၆၁ မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော် ၁၉၆၂ မှာ ကျွန်တော်တို့ နိုင်ငံမှာ လွယ် လွယ်နဲ့ ဒီမိုကရေစီစနစ် ပျောက်ကွယ်သွားတာ အားလုံးအသိဖြစ်ပါတယ်။ ယခုလည်း နိုင်ငံတော်မှာ ဒုတိယအကြိမ် ဒီမိုကရေစီစနစ် ကျင့်သုံးတာ (၄)နှစ်လောက်ပဲ ရှိသေးတယ်။ ဘာသာရေးဆိုင်ရာကိစ္စ၊ အများပြည်သူအငြင်းပွားနိုင်တဲ့ အဆိုတစ်ရပ်တင်သွင်းတာဟာ ကျွန်တော် တော်တော်စဉ်းစားစရာ ဖြစ်ပါ တယ်။ ကျွန်တော့်အမြင်မှာကတော့ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့ မထိုက်တန်ဘူးလား။ ပြည်သူများကလည်း ဒီမိုကရေစီစနစ်ကို မကျင့်သုံးတတ်သေးဘူးလားဆိုတာ ကျွန်တော်မေးစရာ ရှိပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ အခြေခံဥပဒေ ပုဒ်မ ၃၆၁ ၊ ၃၆၂မှာ နိုင်ငံတော်က အသိအမှတ် ပြုတဲ့ ဘာသာကြီး (၅)ပါး ရှိပါတယ်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနဲ့ နတ်ကိုးကွယ်သော ဘာသာတို့ ဖြစ်ကြပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၃၄ အရ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမယ်လို့ ဆိုထား ပါတယ်။ နိုင်ငံတော်ကလည်း ဥပဒေနဲ့အညီ တိုင်းရင်းသားလူမျိုးများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား၊မ မခွဲခြား အခွင့်အရေးတန်းတူ ပေးထားပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံသည် နိုင်ငံတကာ လူ့အခွင့် အရေး ပဋိညာဉ်စာချုပ်မှာလည်း သဘောတူလက်မှတ်ရေးထိုးထားတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်သို့ ခြေလှမ်း လှမ်းချီတက်နေတဲ့ သက်တမ်းနုနယ်သေးသော မြန်မာနိုင်ငံ အပေါ် အိမ်နီးချင်းနိုင်ငံများ၌ အခြားကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု စောင့်ရှောက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ကမ္ဘာ့မိသားစုထဲမှာ ပါဝင်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ လိုက်နာ ဆောင်ရွက်ရမယ့် တာဝန်နဲ့ဝတ္တရားများ၊ ကျေပွန်မှုရှိမရှိအပေါ်မှာ သူများကစိတ်ဝင်စား

နေပါတယ်။ ယခုအချိန်သည် နိုင်ငံတော်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး စည်းလုံးခြင်း၊ ညီညွတ်ကြရမယ့်အချိန်၊ ကိုးကွယ်ရာဘာသာအသီးသီးလည်းပဲ ချစ်ခြင်းမေတ္တာအပြည့်အဝနဲ့ ပေါင်းသင်းဆက်ဆံရမယ့် အချိန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်သွင်းထားတဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာတဲ့အခါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းရန် ယင်းဥပဒေကြမ်းပုဒ်မ(၃) မှာ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ ထိုအဖွဲ့၏ အဓိက ဦးဆောင်သူ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့မှာ ဘာသာရေးအသင်းအဖွဲ့အစည်းများမှ ဆရာတော်များ မဟုတ်ဘဲ ဌာနဆိုင်ရာ ဝန်ထမ်းများ ဖြစ်နေတာကို တွေ့ရပါတယ်။ ဘာသာရေးကိစ္စကို ဘာသာရေးလူကသာ လုပ်သင့်ပါတယ်။ ဘာသာရေးသည် ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ လွတ်လပ်မှု အပြည့်အဝရှိရမယ်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်တဲ့အခါ ဖွဲ့စည်းထားတဲ့ ဌာနဆိုင်ရာဝန်ထမ်းများ ဦးဆောင်စေခြင်းသည် လူတစ်ဦး၏ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ ဘာသာမှ ဘာသာရေး လွတ်လပ်မှုကို ပိတ်ပင်တားမြစ်ခြင်း ဖြစ်နေပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ မိမိဆန္ဒအလျောက် အခြားတစ်ဦးတစ်ယောက်၏ ခွင့်ပြုခြင်းမလိုဘဲ လွတ်လပ်စွာ ဘာသာကူးပြောင်းခွင့်ရှိရမယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံး ဆွေးနွေးချင်တာကတော့ လူတစ်ဦးချင်း၏ လွတ်လပ်မှု၊ အခွင့်အရေးတို့ကို အလေးထားပြီး အသက်(၁၈)နှစ် မပြည့်တဲ့ လူငယ်များကိုလည်း လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိစေရမယ်။ ယခုအခါ အသက်(၁၈)နှစ်မပြည့်သော (၁၅) (၁၆) (၁၇)နှစ်အရွယ် လူငယ်များသည်လည်း ခေတ်မီ စက်ပစ္စည်းကိရိယာများ ကျွမ်းကျင်စွာ ကိုင်တွယ်တတ်နေပြီဖြစ်လို့ ကမ္ဘာ့ဗဟုသုတများ သိရှိနားလည်သူများ ဖြစ်ကြပါတယ်။ အဲဒါကြောင့် (၁၈)နှစ်မပြည့်၍ ဘာသာ ကူးပြောင်းခွင့် မပေးနိုင်ဘူး ဆိုတာလည်းပဲ မရှိသင့်ပါဘူး။ ဘာသာရေးယုံကြည်မှု ကူးပြောင်းခြင်းတို့အတွက် ကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း၊ ဆောင်ရွက်ပေးခြင်း၊ ဒါ မသင့်တော်ပါဘူး။ လူ့အခွင့်အရေး၊ ဘာသာရေး လွတ်လပ်မှုတို့ အပြည့်အဝ ရရှိနေကြသော ကျွန်တော်တို့မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး မည်သူမဆို မိမိနှစ်သက်သော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ အချုပ်အနှောင်မရှိ မိမိဆန္ဒအရ လွတ်လပ်စွာ ဘာသာကူးပြောင်းခွင့် ရှိရမယ်။ ထို့ကြောင့် အချိန်အခါ မဟုတ်သော စနစ်ကာလမှာ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းမယ် ဆိုပါက တိုင်းပြည်နဲ့ ပြည်သူများအတွက် မလိုလားအပ်သော ပြဿနာနဲ့ အန္တရာယ်များ ဖြစ်နိုင်ပါသဖြင့် ယင်းဥပဒေ ပြဋ္ဌာန်းခြင်းကို လုံးလုံးရပ်ဆိုင်းထားသင့်ပါကြောင်း ကျွန်တော် ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြသွားမယ့် ဥပဒေကြမ်းကတော့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အချက်(၄)ချက် တင်ပြသွားပါမယ်။ နံပါတ်(၁)တစ်ချက်ကတော့ ဤဥပဒေကြမ်း ဆွေးနွေးဖို့ ဇန်နဝါရီ (၁၉) ရက်မှာ စတင် အဆိုတင်သွင်း ဆုံးဖြတ်ခဲ့တာကြောင့် (၂၀)ရက်နေ့မှာ အချက်(၃)ချက် ပြင်ဆင်လိုကြောင်း ကျွန်တော်တင်ပြခဲ့ပါတယ်။ (၂၀)ရက်နေ့ လွှတ်တော်အပြီးမှာပဲ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ဗဟိုက ဆရာတော် ဘဒ္ဒန္တတိလောကေသာဘိဝံသ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ရေးသားပေးပို့သော ၁၃-၁-၂၀၁၅ ရက်စွဲပါစာကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးလို့ လက်ခံရရှိပါတယ်။ ထိုစာပါ တင်ပြချက်များသည် ဤဥပဒေကြမ်း ဆွေးနွေးရာတွင် ထည့်သွင်းသင့်တယ်လို့ ကျွန်တော်၏ဆန္ဒနဲ့ ကိုက်ညီတဲ့အတွက် ထိုစာပါ ပုဒ်မ ၄(က) (ခ)နဲ့ ပုဒ်မ ၅(က)၊ ပုဒ်မ ၁၄(က)(ခ)၊ ပုဒ်မ ၁၈ တို့ကို လည်းကောင်း ပုဒ်မ(၂၄)ကို ပယ်ဖျက်ပေးပါရန် (သို့မဟုတ်) ပြင်ဆင်ပေးပါရန်ကိစ္စအား အဆိုအနေနဲ့ ကျွန်တော် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အချိန် ကြောင့် ကျွန်တော် ပုဒ်မတစ်ခုချင်းကိုတော့ ထပ်ပြီးတော့ မရှင်းပြတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ကျွန်တော်တင်ပြမယ့် ကျန်တဲ့(၃)ခုကို Power Point နဲ့ ပူးတွဲတင်ပြ ခွင့်ပြုပါခင်ဗျာ။ ကျွန်တော် ဆက်လက်တင်ပြချင်တဲ့ အချက်များကတော့ ဥပဒေကြမ်း ပုဒ်မ ၂(က)၊ Slide-2 ထိုးပေးပါခင်ဗျာ။ ပုဒ်မ ၂(က)ကြီးပါ ကိုးကွယ်ရာဘာသာ ဆိုသည်မှာဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ မပြည့်စုံဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့ မူလဥပဒေကြမ်းမှာ ကိုးကွယ်ရာ ဘာသာဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာအလိုက် ကိုးကွယ်သောဘာသာကို ဆိုသည် လို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ ဒီပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်မှု မရှိပါဘူး။ သို့သော်ငြားလည်းပဲ ဒါနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် လေ့လာလိုက်တဲ့အခါမှာ တင်ပြချက်အရ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ထုတ်ပြန်တဲ့ မြန်မာအဘိဓာန် အကျဉ်းချုပ် စာမျက်နှာ(၁၁၅) ကို ကိုးကားပြီးတော့မှ တင်ပြတယ်လို့ ပါရှိပါတယ်။

အဲဒါကြောင့်မို့လို့ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေတဲ့ မြန်မာစာ အဘိဓာန်ကို ကျွန်တော် ကြည့်ပါတယ်။ အဲဒီမှာ စာမျက်နှာ(၂၅၆)မှာ ဘာသာဆိုတဲ့ စကားနဲ့ပတ်သက်ပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုထားတာသည် (၁)စကား၊ (၂)ဓလေ့ထုံးစံ၊ (၃)အယူဝါဒ (၄) ပညာရပ်ဆိုပြီးတော့မှ (၄)ခုထုတ်ပြန်ထားပါတယ်။ စကားနဲ့ပညာရပ်ကို ဖယ်လိုက်မယ်ဆိုလို့ရှိရင် ဘာသာဆိုသည်မှာ ဓလေ့ထုံးစံ၊ အယူဝါဒ ဆိုတဲ့ သဘော သက်ရောက်ပါတယ်။ ဘာသာတရားဆိုတာ ကျွန်တော်တို့ စာမျက်နှာ(၂၅၆)ပါပဲ။ ယုံကြည်ကိုးကွယ်သည့် အယူဝါဒလို့ ဆိုထားပြန်ပါတယ်။ စာမျက်နှာ(၁၂)မှာတော့ ကိုးကွယ်ဆိုတဲ့ ဟာကို ဘာသာတရား၊ ဘုရားတရား စသည်တို့ကို ဆည်းကပ်ပူဇော်အားထားသည်ဆိုတဲ့ ဖွင့်ဆိုချက်ကို ကျွန်တော်တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ဒီဖွင့်ဆိုချက်နဲ့ပတ်သက်ပြီးတော့မှ မပြည့်စုံဘူးလို့ ယူဆတဲ့အတွက် ကျွန်တော်ထပ်မံဖွင့်ဆိုချင်တာကတော့ ကိုးကွယ်ရာဘာသာဆိုသည်မှာ သူတစ်ဦးက မိမိ၏မိရိုးဖလာ ကိုးကွယ်ရာဘာသာ (သို့တည်းမဟုတ်) မိမိယုံကြည်ရာအလိုက် ကိုးကွယ်ရာအဖြစ်ခံယူသော ဘာသာကို ဆိုသည်လို့ ကျွန်တော်ပြင်ချင်ပါတယ်။

ဘာကြောင့် ဒီလိုပြင်ရလဲဆိုလို့ရှိရင် ကျွန်တော်တို့ လူတစ်ယောက် မွေးဖွားလာတဲ့အခါမှာ ကလေးတစ်ဦးဟာ အသိဉာဏ်မဖွံ့ဖြိုးမီမှာ ဘယ်ဘာသာကို ကိုးကွယ်ရမယ် ဆိုတာ မသိသေးသလို မရွေးချယ်နိုင်သေးပါဘူး။ ဒီကလေးကို ဘာသာမဲ့လို့ သတ်မှတ်လို့မရပါဘူး။ ဒီကလေး စကားပြော တတ်စမှာ မိဘများဟာ စတင်ပြီးတော့မှ သင်ကြားပါတယ်။ သားရေ သာဓုလုပ်လိုက်၊ ဘုန်းဘုန်းကို သာဓုလုပ်လိုက်၊ ဦးတော်ချလိုက်ဆိုတာက စသင်ပြီးတော့မှ ဗုဒ္ဓဘာသာဝင် မိသားစုများဟာ ဘုရား ရှိခိုးတတ်အောင်၊ သံဃာကို ရှိခိုးတတ်အောင် သင်ပေးပါတယ်။ ဒီကလေးဟာ ဗုဒ္ဓဘာသာများ၊ သာ့သနာဘောင် သွတ်သွင်းတဲ့ သရဏဂုံသုံးပါးကို မသိမီ၊ နားမလည်မီမှာပဲ မိရိုးဖလာ ဗုဒ္ဓဘာသာ ဖြစ်နေခဲ့ပြီ ဖြစ်ပါတယ်။ ကြီးလာလို့ ရှင်သာမဏေ ပြုပြီးရင်တော့ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီလို့ ဆိုနိုင် ပါတယ်။

သို့သော်ငြားလည်းပဲ လူတိုင်းဟာ ရှင်သာမဏေပြုနိုင်ခွင့် မရရှိကြပါဘူး။ ဗုဒ္ဓဘာသာဝင် မိဘများဟာ သားသမီးများ မွေးဖွားလာပြီးရင် ယောကျ်ားလေးဖြစ်ခဲ့သော် ရှင်သာမဏေပြုခွင့်ရမှ သူတို့တာဝန် ကျေပွန်တယ်လို့ယူဆပြီးတော့မှ ကြိုးစားကြပါတယ်။ ကြိုးစားပြီးတော့မှ သာမဏေပြုနိုင် ဖို့အတွက် ဆောင်ရွက်ပြီး ပြုပေးကြပါတယ်။

သို့သော်ငြားလည်းပဲ အမျိုးသမီးများနဲ့ ပတ်သက်လာတဲ့အခါကျတော့ အမျိုးသမီးများကို သီလရှင်ဝတ်ပေးပြီး သရဏဂုံတည်ဖို့ဆိုတာ ဒါအလွန်နည်းပါတယ်။ နည်းတဲ့အရေအတွက် ဖြစ်ပါ တယ်။ အဲတော့ အဲဒီ့မိန်းကလေးတွေဟာ သီလရှင်မဝတ်ရဘူး၊ သရဏဂုံမတည်ရဘူးဆိုရင် သူသည် ဘာသာဝင်မဖြစ်တော့ဘူးလားဆိုတဲ့ အမေးဖြစ်ပေါ်လာပါ့မယ်။ ဒါကြောင့်မိုလို့ အဖေက ဗုဒ္ဓဘာသာ၊ အမေဗုဒ္ဓဘာသာဖြစ်ရင် သူတို့ဟာ အမျိုးသားတွေထက်ကို ဘာသာရေးမှာပိုပြီး အလေးအနက် ရှိကြတဲ့ မိရိုးဖလာကိုးကွယ်ရာ ဆိုတဲ့စကား ဒါ ကိုးကွယ်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ မိရိုးဖလာ ကိုးကွယ်ရာဆိုတဲ့ စကားဟာ မထည့်မဖြစ် ဤဥပဒေအရ ကျွန်တော်တို့ ထည့်ရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ဘာသာကူးပြောင်းတဲ့အခါမှာ မူလဘာသာရှိတယ်၊ အဲဒီ့ဘာသာသည် ခုနပြောသလို သရဏဂုံ တည်ဖို့ သာမဏေ မပြုရသေးရင်တောင်မှ သီလရှင် မဝတ်ရသေးရင်တောင်မှ မိရိုးဖလာ ကိုးကွယ်ရာဘာသာအဖြစ် ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်သည် ဒီ မိရိုးဖလာ ကိုးကွယ်ရာဆိုတဲ့စကားကို ထည့်သွင်းချင်တာဖြစ်ပါတယ်။

ဒါ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး။ ခရစ်ယာန်ဘာသာမှာလည်း ဆေးကြော ခြင်းတို့၊ နှစ်ခြင်းခံယူခြင်းတို့ဆိုတဲ့ ယုံကြည်ရာ ဘာသာသွတ်သွင်းတဲ့ ဓလေ့တွေ ရှိပါတယ်။ အဲဒီတော့ အဲဒီလိုပွဲတွေ မလုပ်ရသေးရင် သူတို့ဟာလည်း ဘာသာမဲ့လို့ ပြောလို့မရပါဘူး။ မိရိုးဖလာ ဘာသာဟာ ရှိနေမှာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ့ဥပဒေကို စဥ်းစားတဲ့အခါမှာ ဘာသာကူးပြောင်းတာနဲ့ ပတ်သက် ပြီး အသက်အရွယ်ကို ဥပဒေကြမ်းမှာ မူရင်းမှာက (၁၈)နှစ်ပြည့်ပြီးသူလို့ ဆိုထားသလို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး ဆရာတော်များရဲ့ တင်ပြချက်မှာ အသက်(၂၀)ပြည့်ပြီးသူ ဖြစ်ရမယ်လို့ ပြဌာန်းစေချင်တာ တွေ့ပါတယ်။

ဒါကြောင့် မိရိုးဖလာဆိုတဲ့ စကားဟာ ထည့်ကိုထည့်ထားရမယ်။ သို့မဟုတ်ရင် (၁၈)နှစ် မပြည့်ခင် လူတွေအားလုံး ဘာသာမဲ့တွေ ဖြစ်ကုန်မယ့် အနေအထားမျိုးဖြစ်တာကြောင့် ကျွန်တော့် အနေနဲ့ ကိုးကွယ်ရာဘာသာ ဆိုသည်မှာ သူတစ်ဦးက မိမိ၏ မိရိုးဖလာကိုးကွယ်ရာဘာသာ

(သို့တည်းမဟုတ်) မိမိယုံကြည်ရာအလိုက် ကိုးကွယ်ရာအဖြစ် ခံယူသောဆိုတဲ့ စာပိုဒ်ကိုလည်း ကျွန်တော် ထည့်ချင်ပါတယ်။ ဒါကတော့ မိမိသည် ယုံကြည်ရာဘာသာကို ကူးပြောင်းမယ်၊ ကိုးကွယ်မယ်ဆိုလို့ရှိရင် ခုနတုန်းက ကျွန်တော်တို့ သာမဏေဝတ်ပြီး သရဏဂုံတည်တာရှိပါတယ်။ နှစ်ခြင်းခံယူတာရှိပါတယ်။ ဆေးကြောခြင်းဆိုတဲ့ဟာမျိုးတွေ ရှိပါတယ်။ အဲဒါမျိုးတွေကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် မိမိယုံကြည်ရာအလိုက် ကိုးကွယ်ရာအဖြစ် ခံယူသော ဘာသာကိုဆိုသည် ဆိုပြီးတော့မှ ကျွန်တော် အဓိပ္ပာယ်ကို အဲလို ဖွင့်ချင်တာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အခန်း(၂)၊ ပုဒ်မ ၃၊ မူလပြဋ္ဌာန်းချက် ပုဒ်မ(ဃ)မှာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်သော ကိုးကွယ်ရာဘာသာအသီးသီးနှင့်သက်ဆိုင်သည့် မြို့မိ၊ မြို့ဖ(၄)ဦးလို့ ဆိုထားပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ ပုဒ်မ ၃(က) ကို နောက်ထပ် (ခ) ထပ်တိုးပြီးတော့မှ ခုနတုန်းက (ဃ) ကို ပုဒ်မ ၄ အဖြစ် ပြင်ဆင်ပြီး သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် (၅)ဦးထက်မပိုသော မြို့မိမြို့ဖများလို့သာ ပြဋ္ဌာန်းစေလိုပါတယ်။

သို့သော်လည်းပဲ ဒီနေရာမှာ ကျွန်တော်မပြည့်စုံဘူးလို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဘာသာအလိုက်ရွေးချယ်တင်ပြတဲ့ (၅)ဦးထက်မပိုသော မြို့မိမြို့ဖများဆိုတာက တစ်နေရာမှာ ကျွန်တော်တို့ မှတ်ပုံတင်ထားရမှာ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မှာ အုပ်ချုပ်ရေးမှူးကိုယ်တိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်လိုက်တဲ့အတွက် အဲဒီမှာ မှတ်ပုံတင်ပြီးသား ဖြစ်မှာပါ။

သို့သော်ငြားလည်းပဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မှာတော့ မပိုသော မြို့မိမြို့ဖများ အဖွဲ့ဝင်ဆိုတာနဲ့ပဲ ရပ်သွားတဲ့အတွက် ဒီကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြတဲ့ (၅)ဦးထက်မပိုသော မြို့မိမြို့ဖတွေကို ဘယ်မှာ မှတ်ပုံတင်ထားမလဲဆိုတဲ့ဟာက ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ ပြင်ချင်တာက သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြထားသည့် မှတ်ပုံတင်ရေးအဖွဲ့က အတည်ပြုထားသော (၅)ဦးထက်မပိုသည့် မြို့မိမြို့ဖများလို့ ပြင်ချင်ပါတယ်။ အဲဒီမှာကျွန်တော် Slide မှာတော့ မှတ်ပုံတင်ရုံးက အတည်ပြုထားသော ဆိုတာ ဖြစ်နေပါတယ်။

အဲဒါက ကျွန်တော် သေသေချာချာ ဖတ်ကြည့်တော့ မှတ်ပုံတင်ရေးအဖွဲ့ဆိုမှ ပိုပြီးတော့ မှန်ကန်နိုင်မှာဖြစ်တဲ့အတွက် မှတ်ပုံတင်ရေးအဖွဲ့က အတည်ပြုထားသော (၅)ဦးထက် မပိုသည့် မြို့မိမြို့ဖများလို့ပြင်ချင်တာဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ နောက်ထပ် အပိုဒ်ခွဲမှာ ထပ်ပြီးတော့မှ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်လိုက်တဲ့ အပိုဒ်(ခ)မှာ ဆောင်ရွက်ရတဲ့အခါကျလို့ရှိရင် ဒါ ပိုမိုပြီးတော့မှ လွယ်ကူသွားမှာဖြစ်ပါတယ်။

Slide (၄)မှာတော့ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ ဥပဒေကြမ်း ကော်မတီက ပြဋ္ဌာန်း ဒါသည် အပိုဒ်(၃)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၄)ပါ အဖွဲ့ဝင်တစ်ဦး လစ်လပ်သည့်အခါ ဖြစ်စေ၊ အစားထိုးရွေးချယ်ရန် အကြောင်းပေါ်ပေါက်သည့်အခါ ဖြစ်စေ၊ လစ်လပ်သည့်အဖွဲ့ဝင်ကို သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရွေးချယ်တင်ပြရမည်လို့ ပါ ပါတယ်။

အဲဒီတော့ ကျွန်တော်က ထပ်ပြီးတော့မှ ပြင်ဆင်ချင်တာကတော့ ပုဒ်မ ၃(ခ)၊ အပိုဒ်ခွဲငယ် (၄) ပါ အဖွဲ့ဝင်တစ်ဦး လစ်လပ်သည့်အခါဖြစ်စေ၊ အစားထိုးရွေးချယ်ရန် အကြောင်းပေါ်ပေါက်သည့် အခါဖြစ်စေ၊ လစ်လပ်သည့် အဖွဲ့ဝင်ကို သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် သတ်မှတ်ချက်နှင့် အညီ ပြန်လည်ရွေးချယ်ပြီး မှတ်ပုံတင်ရုံးသို့၊ မှတ်ပုံတင်အဖွဲ့သို့ အတည်ပြုရန် တင်ပြထားရမည်လို့ ကျွန်တော်ပြင်ချင်တာ ဖြစ်ပါတယ်။ အဲဒီလို မှတ်ပုံတင်ရေးအဖွဲ့ရုံးမှာ မှတ်ပုံတင်ထားမှသာလျှင် ကျွန်တော်တို့ ဘာသာကူးပြောင်းခြင်းကိစ္စတွေ ဆောင်ရွက်တဲ့အခါကြလို့ရှိရင် ဒါ အဲဒီအဖွဲ့မှာပါတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့မဟုတ်ဘူးဆိုလို့ရှိရင် မှတ်ပုံတင် မထားဘူးဆိုလို့ရှိရင် ခဏခဏပြောင်းနေတာတွေ နောက်တစ်ခုက ကျွန်တော်တို့ ဘာသာတိုင်းမှာလည်း ဒါအမျိုးမျိုး ရှိပါတယ်။ ဒါ ခရစ်ယာန်မှာ ဆိုလို့ရှိရင်လည်း ရိုမန်ကက်သလစ် ရှိတယ်။ နှစ်ခြင်း ရှိတယ်။ စနေ အသင်းတို့လိုမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဆိုလိုရှိရင်လည်း ဒီသုဓမ္မာတို့၊ ရွှေကျင်တို့ စသည်ဖြင့် အများကြီးရှိပါတယ်။

အဲဒီတော့ အဲဒီဟာတွေကို ကျွန်တော်တို့ ဘာသာတစ်ခုချင်းအလိုက် သေချာရွေးချယ်ပြီး တော့မှ ရုံးမှာ အတည်ပြု မှတ်ပုံတင်ထားမှသာလျှင် ကျွန်တော်တို့ ဒီကိစ္စကို ဆောင်ရွက်တဲ့အခါမှာ အခက်အခဲမရှိ အဆင်ပြေပြီးတော့မှ ဆောင်ရွက်နိုင်မယ်လို့ ဒါ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တင်ပြချင်တဲ့ အချက်ကတော့ ရှိပါသေးတယ်။ သို့သော်ငြားလည်းပဲ သိပ်ပြီးတော့ အရေး မကြီးတော့တဲ့အတွက် ကျွန်တော် ဒီလောက်နဲ့ပဲ တင်ပြပြီးတော့မှ ကျွန်တော့်တင်ပြချက်ကို ခွင့်ပြုပေး ပါလို့ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၃။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်လူကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် က လေးစားစွာဖြင့် ဂါရဝပြုပါတယ်။

ဒီနေ့ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း ဥပဒေကြမ်းနဲ့ပတ်သက်လို့ ဆွေးနွေးခွင့်ပြုတဲ့ အတွက် ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးလည်းဝမ်းမြောက်ပါတယ်။ ရခိုင်ပြည်နယ် ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကျွန်တော် ဆွေးနွေးခွင့်ရတာ အများကြီးပဲ လိုက်လျော ညီထွေ ရှိတယ်လို့ ကျွန်တော့်စိတ်ထဲမှာ အောက်မေ့ပါတယ်။

ရခိုင်ပြည်နယ်မှာ ပဋိပက္ခတွေရှိနေတဲ့ ဒေသဖြစ်ပြီးတော့ အဲဒီ ပဋိပက္ခတွေမှာ ဘယ်လို ဖြေရှင်းကြမလဲ၊ နောင်ဖြစ်ပေါ်လာလတ္တံ့သော ပြဿနာများကို ကျွန်တော်တို့စနစ်တကျ ဘယ်လို ဖြေရှင်း ကြမလဲဆိုတဲ့ဥစ္စာအတွက် ဒီဟာ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ဒီမူကြမ်း ကို ကျွန်တော် ထောက်ခံပါတယ်။ အဲဒီမူကြမ်းမှာ ကျွန်တော် ဖြည့်စွက်ချင်တဲ့ တစ်ခုရှိပါတယ်။

အခန်း(၃)မှာ မှတ်ပုံတင်ရေးအဖွဲ့သည် ဆိုပြီးတော့ (က),(ခ),(ဂ)မှာ (ဃ) အပိုဒ်တစ်ပိုဒ်ကို ထည့်သွင်းချင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာအရ ပုံမှန်အနေအထားရှိ/မရှိ၊ စိတ်ရောဂါရှိသူ ဟုတ်/မဟုတ်၊ စိစစ်ရန်ဆိုတဲ့ အချက်တစ်ချက် ထည့်ပေးစေချင်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေမူကြမ်းကို အများကြီးပဲ ဝေဖန်ကြတယ်။ ဒီထဲမှာ သူတို့ ရည်ရွယ်ချက်ကိုက တင်ပြထားပါတယ်။ အင်မတန်မှကောင်းသော ရည်ရွယ်ချက် နှင့်ပြဋ္ဌာန်းမယ်လို့ ရည်ရွယ်ထားတာဖြစ်တဲ့အတွက် လူ့အခွင့်အရေး၊ နိုင်ငံတကာ စံချိန်စံညွှန်း၊ စသည်အားဖြင့် ဝေဖန်နေကြတဲ့အခါမှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါကျတော့ လွတ်လပ်စွာကိုးကွယ်တည်ဆောက်နိုင်တဲ့ အခွင့်အရေးတွေကိုလည်း ပေးထားတယ်။ စည်းကမ်းစနစ်တကျ ဘာသာကူးပြောင်းနိုင်ခွင့်လည်း ပေးထားတယ်။ ပွင့်လင်းမြင်သာမှု ရှိဖို့လည်းပါတယ်။ ဘာသာတစ်ခုက အခြားဘာသာတစ်ခုကို အတင်းအကျပ် ကူးပြောင်းစေမှု၊ အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေကို နည်းမျိုးစုံနဲ့ လက်ထပ်ပြီးတော့ ဘာသာကူးပြောင်းစေမှုမှ ကာကွယ်ရန်ဆိုတာ အင်မတန်မှ သင့်မြတ်ပါတယ်။ ဒီဟာ ဘယ်ဘာသာကိုမှ ထိခိုက်တာလည်း မရှိပါဘူး။ ကျွန်တော်တို့ ဒီနိုင်ငံတော်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေ၊ အမျိုးသမီးတွေ မနစ်နာရအောင် ခြံစည်းရိုးကာတဲ့သဘောပဲ ဖြစ်ပါတယ်။

ခြံစည်းရိုး မကာထားလို့ရှိရင် ကျွန်တော်တို့ ခြံထဲမှာ အလွယ်တကူ အနှောင့်အယှက်တွေ ဝင်လာနိုင်ပါတယ်။ ဒီအတွက်ဟာ ကိုယ့်ခြံစည်းရိုး ကာတဲ့ဥစ္စာဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး။ ကိုယ့်အိမ်၊ ကိုယ်ခြံစည်းရိုးကို ကာတဲ့ဥစ္စာက ကျွန်တော်တို့ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော့် ညီအစ်ကိုတော်များ ခုန ပြောသလို ကမ္ဘာ့မိသားစုမှာ ကျွန်တော်တို့ဟာ တစ်မျိုးတစ်ဖုံ ဖြစ်နေမယ် ဆိုတဲ့ဥစ္စာမျိုး ပြောကြတဲ့အခါကျတော့ ကျွန်တော်တို့ ကမ္ဘာမှာ ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံလောက် ဘာသာရေးမှာ လွပ်လပ်ခွင့်ပေးထားတာဟာ ရှားပါတယ်။ ကျွန်တော်တို့ဘာသာ ကိုယ်တိုင်ကိုက မေတ္တာနဲ့အခြေခံပြီးတော့ ဘာမှ ချုပ်ခြယ်ထားတာ လုံးဝမရှိ၊ ဗုဒ္ဓဘာသာမှာ ကျွန်တော်ဘာသာရေးအကြောင်းလည်း မပြောချင်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ဘာသာရဲ့ ထုံးတမ်းအစဥ်အလာအရကိုက အင်မတန်မှ သဘောထားကြီးတယ်။ မင်္ဂလာဆောင်တဲ့ ကိစ္စကိုပဲကြည့်ပါ ဘယ်ဘာသာမှာ မင်္ဂလာဆောင်ဆောင် သူတို့ဘာသာရေး အခမ်းအနားနဲ့ ဘာသာရေးဥပဒေတွေနဲ့ဆောင်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘက်က ဘာမှမရှိဘူး။ ကျွန်တော်တို့ လျှော့ဈေးနဲ့ပဲ ကျွန်တော်တို့ ခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ ပေးနေရတဲ့ အနေအထားရှိပါတယ်။ ဘာပဲလုပ်လုပ် ကျွန်တော်တို့မြန်မာမိသားစုဘက်က အရှုံးပဲရှိတယ်။ အဲဒီတော့ ဒီဟာလေးတွေကို ကျွန်တော်တို့ စည်းကမ်းတကျ လုပ်ပေးချင်တယ်။ ကျွန်တော် တစ်ခုသတိရတယ်။ ကျွန်တော် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း တစ်ခါက နိုင်ငံတော်ကို စကားပြောတဲ့အချိန်မှာ ကျွန်တော် အင်မတန်မှ သဘောကျတယ် သူပြောတဲ့ဥစ္စာကို စင်ကာပူနိုင်ငံကြီးမှာ ဘာသာပေါင်းစုံရှိတယ်၊ လူမျိုးပေါင်းစုံ ရှိတယ်။ အမျိုးအစား ဟိန္ဒူ၊ မူဆလင်၊ တရုတ်၊ မလေး အမျိုးစုံရှိကြတယ်။ အဲဒီမှာ သူတို့သဟဇာတဖြစ်အောင် တစ်ဖက်က သူတို့ဘာသာအရ အစ္စလာမ်က လုပ်တဲ့အချိန်မှာ တစ်ဖက်က တရုတ်ကလည်း ထုံးတမ်းအစဥ်အလာအရ သူ့ပွဲလမ်းသဘင်နဲ့ လုပ်နေတယ်။ ဘာပဋိပက္ခမှမရှိဘူး၊ ဘာအတွက်လဲ ဆိုတော့ သူတို့မှာ လုပ်တာ ဥပဒေနဲ့ စည်းကမ်းနဲ့ ထိန်းသိမ်းထားတယ်။ ဘာသာကူးပြောင်းတဲ့နေရာမှာ စင်ကာပူမှာ ဘာသာ တစ်ခုကို ကူးပြောင်းဖို့ဆိုလို့ရှိရင် အထူးသဖြင့် အစ္စလမ်ဘာသာနဲ့ ပတ်သက်လို့ရှိရင် အဲဒီရုံးကို သွားပြီးတော့ ကြိုတင်ပြီးတော့ တင်ရတယ်။ တင်ပြီးတော့မှ သူတို့ စိစစ်တယ်။ စိစစ်ပြီးတော့မှ လေ့လာခိုင်းတယ် အဲဒီဘာသာကို ကျေနပ်ပြီဆိုတဲ့

အခါကျတော့မှ ဆောင်ခွင့်ရပါတယ်။ အဲဒီတော့ ဒီလိုလုပ်ထားတဲ့အခါမှာ နောက်ပိုင်းဖြစ်ပေါ်လာမယ့် ပြဿနာတွေကို တစ်ခါတည်း တားဆီးပြီးသား ဖြစ်တယ်။ လူမျိုးရေးပဋိပက္ခ မရှိတော့ဘူး၊ ဘာသာရေး ပဋိပက္ခ မရှိတော့ဘူး။ စင်ကာပူ လောက် အေးချမ်းတဲ့နိုင်ငံ၊ သဟဇာတဖြစ်တဲ့နိုင်ငံဟာ မရှိပါဘူး။ တိုးတက်တဲ့နေရာမှာလည်း ကျွန်တော်တို့ ကြည့်လို့ရှိရင် အတုယူစရာ သိပ်ကောင်းတယ်။ ဒီဟာ ကိုယ့် အခွင့်အရေးတစ်ခုကိုပဲ သူများကို မထိခိုက်ဘဲ လုပ်တဲ့ဥစ္စာကို ကျွန်တော်တို့ ဘာမှ ကဏ္ဍကောစဖြစ်ရာ အကြောင်းမရှိဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒီအတွက် ကျွန်တော် ဒီမူကြမ်းတစ်ခုလုံးကို ကျွန်တော် ထောက်ခံတယ်။ ကျွန်တော် ပြောစရာလည်း အများကြီးရှိပါတယ်။ ဘာသာတိုင်းမှာ စိတ်သဘောထား ကြီးတဲ့ လူရယ်၊ စိတ်ထားမြင့်မြတ်တဲ့လူရယ်က ရှိကြစမြဲပါ။ သို့သော်လည်းပဲ ယနေ့ကမ္ဘာမှာ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ အကြမ်းဖက်မှုတွေ ဖြစ်နေတယ်၊ ပဋိပက္ခတွေ ဖြစ်နေတယ်။ ဒီဟာတွေဟာ ဒီလို ထိန်းချုပ်မှုတွေ မရှိတဲ့အတွက် ဒီလိုဖြစ်နေရတယ်။ ဒီဟာ လူ့အဖွဲ့အစည်းကို ဒုက္ခပေးနေတယ်။ မငြိမ်သက်မှုတွေ ဖြစ်စေတယ်။ ဒါတွေဟာ ကျွန်တော်တို့ လိုလားစရာ မကောင်း ပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ ဥပဒေနဲ့ စည်းကမ်းနဲ့လုပ်တဲ့ ဥစ္စာဟာ ဘာဖြစ်လို့ ကျွန်တော်တို့ မလုပ်သင့်သလဲ။ ကျွန်တော်တို့ ကိုယ့်ကိုကိုယ်သာ ကာကွယ်ပြီးတော့ အခြားဘာသာကို နှောင့်ယှက် ထားတာ မဟုတ်ပါ။ မဖြစ်မနေ ဆောင်ရွက်ရမယ့် ဥပဒေမျိုး ဗုဒ္ဓဘာသာမှာ ဘာမှပေးမထားဘူး။ ဘာသာရေးအရ လက်ထပ်တဲ့အခါမှာလည်း စည်းကမ်းသတ်မှတ်ချက် ဘာမှမရှိ၊ ထုံးတမ်း၊ ဓလေ့၊ ဥပဒေနဲ့ပဲ လုပ်နေကြတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ မြန်မာ နိုင်ငံမှာ ဘာသာရေး အဆောက်အဦတွေအားဖြင့် ကွဲပြားတဲ့ ဘာသာရေးအဆောက်အဦတွေ နေရာ တိုင်းမှာ တွေ့နိုင်တယ်။ လွတ်လပ်စွာ သူတို့ ထုံးတမ်းဓလေ့တွေ လုပ်နိုင်တယ်။ ဒီလောက် လွတ်လပ်တဲ့ နိုင်ငံဟာ ကမ္ဘာမှာ မရှိပါဘူး။ ကျွန်တော်တစ်ခု ဥပမာတစ်ခုပေးမယ်။ ပြစ်ဒဏ်ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ နည်းတောင်နည်းသေးတယ် ထင်သေးတယ် ဒါကို မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ်ထက် မပိုသော ထောင်ဒဏ်၊ ကျပ်(၂)သိန်းထက် မပိုသောငွေဒဏ် ဒဏ်ငွေနှစ်ရပ်လုံး ချမှတ်ရမည်။ တချို့ နိုင်ငံတွေမှာ ဘာမှ မဟုတ်တဲ့ ကိစ္စလေးတောင်မှ လက်ဖြတ်၊ ခြေဖြတ်၊ ခေါင်းဖြတ်၊ ခဲလုံးတွေနဲ့ပေါက် ပြီးတော့ လူမြင်မကောင်း ရှင်မြင်မကောင်း အဲဒီလိုမျိုး ဖြစ်နေတဲ့ဟာတွေ ရှိပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဒီဥပဒေဟာ ဘာမှ လူ့အခွင့်အရေးကိုသော်လည်းကောင်း၊ ကမ္ဘာမှာ မျက်နှာငယ်စရာ သော် လည်းကောင်း၊ မျက်နှာမဖော်ရဲစရာသော်လည်းကောင်း၊ ကမ္ဘာ့မိသားစုထဲမှာ ဝင်မဆံ့နိုင်အောင် သော်လည်းကောင်း ဘာမှမဖြစ်နိုင်ပါဘူးလို့ ထောက်ခံရင်းနဲ့ ကျွန်တော် အဆုံးသတ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၃၁။**

**ဥက္ကဋ္ဌ။** ။ ယနေ့ အစီအစဉ်ကို တနင်္လာနေ့ ရွှေ့ဆိုင်းပါမယ်။ နေ့လည်ပိုင်းမှာလည်း ပြည်ထောင်စုလွှတ်တော်ရှိတဲ့အတွက် အခု ယနေ့ အစီအစဉ်ကို ရပ်နားပါမယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီအချိန် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၂း၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]